# မလေးစကား
# မလေးစာ

## BAHASA MALAYSIA

အမ်ရှိန်မြင့်



**စိတ်ကူးချိုချိုအနုပညာ**

(၇၅)၊ ၁၆၄-လမ်း၊

တာမွေ၊ ရန်ကုန်။

ဖုန်း - ၇၂၆၆၂၄

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မလေးစကား
# မလေးစာ

## အမ်ရှိန်မြင့်

## BHAHASA MALAYSIA

၂၀၀၃ ခုနှစ် နိုဝင်ဘာလ

| | |
|---|---|
| စာမူခွင့်ပြုချက် | ၆၄၅/၂၀၀၃(၇) |
| မျက်နှာဖုံးခွင့်ပြုချက် | ၈၁၈/၂၀၀၃ (၉) |

| | |
|---|---|
| မျက်နှာဖုံး | m.s.o |
| စာအုပ်ချုပ် | ကိုမြင့် |

| | |
|---|---|
| ပုံနှိပ်သူ | ဦးထွန်းထွန်းဦး<br>အင်ကြင်းဦးပုံနှိပ်တိုက်<br>ကျွန်းတောလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ပြည်လမ်း၊ ကမာရွတ်<br>ရန်ကုန်။ |

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| ထုတ်ဝေသည့်ကာလ | နိုဝင်ဘာလ၊ ၂၀၀၃ |
| တန်ဖိုး | ၆၀၀ ကျပ် |

# မာတိကာ


– အမှာစာ ၈

– မလေးရှားနိုင်ငံ ၁၀

## အပိုင်း (၁)

နိဒါန်းလက်ရေးစာမူ (THE SCRIPT)

၁။ ဗျည်းများ (The Consonants) ၁၈

၂။ အသံထွက်များ (Pronunciations) ၂၁

(က) သရများ (Vowels)

(ခ) ကာရန်သရများ (Dipthongs)

(ဂ) ဗျည်းများ (Alphabet)

၃။ အခြေခံသဒ္ဒါ ၃၀

၄။ စာလုံးပြောင်းလဲမှုများ ၃၅

၅။ (က) အမှတ်စဉ်ရေတွက်ခြင်း (NUMBER) ၃၈

(ခ) အချိန်နာရီ (TIME) ၄၀

(ဂ) အပိုင်းကိန်းများ (FRACTIONAL NUMBER) ၄၂

(ဃ) ဒသမကိန်းများ (DECIMAL NUMBER) ၄၂

(င) ရာခိုင်နှုန်း (PERCENT) ၄၃

(စ) နေ့ရက်များ (DAYS) ၄၃

(ဆ) အရပ်မျက်နှာများ (DIRECTIONS)

## အပိုင်း (၂)

* လက်တွေ့စကားအသုံးအနှုန်းများ
(PRACTICAL EXPRESSIONS) ၄၅

## အပိုင်း (၃)


အမေးဝါကျများနှင့် အထွေထွေစကားပြော ၆၉
(၁) What – ဘာလဲ ၇၀
(၂) Who – ဘယ်သူလဲ ၇၂
(၃) Where – ဘယ်မှာလဲ ၇၄
(၄) When – ဘယ်တော့လဲ ၇၆
(၅) Why – ဘာကြောင့်လဲ ၈၀
(၆) How – ဘယ်လို၊ မည်ကဲ့သို့ ၈၂
(၇) How many / How much – ဘယ်လောက်လဲ ၈၅
(၈) How long – ဘယ်လောက်ကြာပြီလဲ ၈၇
(၉) Where to ဘယ်သို့ from where ဘယ်မှ ၈၉
(၁၀) What's the time ၉၁
(၁၁) What are you doing ၉၄
(၁၂) Have လက်ဝယ်ထားရှိသည် ၉၇
(၁၃) Eat – စားသည် ၉၉
(၁၄) Drink –သောက်သည် ၁၀၁
(၁၅) possess – ပိုင်ဆိုင်သည် ၁၀၃
(၁၆) I am – ကျွန်ုပ် ရှိသည်၊ ဖြစ်သည် ၁၀၅
(၁၇) Be – ရှိသည်၊ ဖြစ်သည် ၁၀၈
(၁၈) To, At, In – သို့၊ ၌၊ မှာ၊ တွင် ၁၁၀
(၁၉) Not yet – မသေး/တုန်း ၁၁၂
(၂၀) Day – နေ့ ၁၁၄
(၂၁) Months of the year ၁၁၆
(၂၂) The date – ရက်/နေ့စွဲ ၁၁၈
(၂၃) Must / Have to – ရမည် (လုပ်ရန်) ရှိသည် ၁၂၁
(၂၄) Help – ကူညီသည်၊ ထောက်ပံ့သည် ၁၂၃

(၂၅) Good – ကောင်းသော ၁၂၅
(၂၆) Sorry – ဝမ်းနည်းသော ၁၂၇
(၂၇) Know – သိသည်၊ နားလည်သည် ၁၂၉
(၂၈) Take (somebody) to – ယူသည်၊ ယူသွားသည် ၁၃၁
(၂၉) Accept – လက်ခံသည် ၁၃၃
(၃၀) Personal Pronouns – ကိုယ်ပိုင်နာမ်စား ၁၃၅
(၃၁) Age – အသက်အရွယ် ၁၃၇
(၃၂) Understand – နားလည်သည် ၁၃၉
(၃၃) Self – အတ္တ၊ ကိုယ် ၁၄၁
(၃၄) See, Look at – မြင်သည်၊ ကြည့်သည် ၁၄၃
(၃၅) Word, say – စကားပြောသည် ၁၄၆
(၃၆) Agree – သဘောတူသည်၊ ကိုက်ညီသည် ၁၄၉
(၃၇) Don't – မလုပ်၊ မပြုနှင့် ၁၅၀
(၃၈) Happy – ဝမ်းသာသော ၁၅၂
(၃၉) Listen – နားထောင်သည် ၁၅၄
(၄၀) Need – လိုနေသည် ၁၅၆
(၄၁) Come on – လာပါ ၁၅၈
(၄၂) How are you going – ၁၅၉
(၄၃) Passport formalities–နိုင်ငံကူးခွင့် စည်းကမ်းများ ၁၆၀
(၄၄) Diseases – အနာ၊ ရောဂါများ ၁၆၂
(၄၅) Baggage Porters – အထမ်းသမား ၁၆၅
(၄၆) Taxi driver – အငှားယာဉ်မောင်း ၁၆၉
(၄၇) Service – ဆောင်ရွက်ပေးမှု ၁၇၂
(၄၈) Marriage – လက်ထပ်ထိမ်းမြားခြင်း ၁၇၅
(၄၉) Human Attitude – လူ့စိတ်သဘောထား ၁၇၈

# အမှာစာ

မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ နှစ်နိုင်ငံအကျိုးတူ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက် ရှိသည့်အပြင် မြန်မာနိုင်ငံသား အမြောက်အမြားလည်း မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက် ရှိပါသည်။ နှစ်နိုင်ငံ ဆက်သွယ်မှု ကျယ်ပြန့်လာသည်နှင့်အမျှ ဘာသာစကားတတ်ကျွမ်းမှုသည်လည်း လိုအပ်လာပြီဖြစ်ပါသည်။

မလေးစာပေ၌ ဗျည်းများသည်၊ အင်္ဂလိပ်စာဗျည်းများအတိုင်း ဖြစ်ပြီး အသံထွက်ပုံကွဲပြားသည်မှ လွဲ၍ ဖတ်ရလွယ်ကူမှု ရှိပါသည်။ ၎င်းအပြင် နည်းပညာပိုင်းနှင့် ပတ်သက်သော အခေါ်အဝေါ်များကိုလည်း အင်္ဂလိပ်အသံထွက်အတိုင်း ခေါ်ဝေါ်သည်ကို တွေ့ရပါသည်။

မလေးနိုင်ငံတွင် မလေးလူမျိုး (၁၀ သန်းခန့်)၊ တရုတ်လူမျိုး (၆ သန်းကျော်)၊ အိန္ဒိယလူမျိုး (၃ သန်းကျော်) တို့ ပူးပေါင်းနေထိုင်ကြသည့်အတွက် ဘာသာစကားပြောရာ၌ အသံထွက်ပိုင်းနှင့် ပတ်သက်၍ လူမျိုးကွဲသည်နှင့်အမျှ လေယူလေသိမ်း အနည်းငယ်ကွဲပြားမှု ရှိပါသည်။ ဤမလေးဘာသာစကားပြောစာအုပ်သည်၊ မလေးအသံထွက်အား၊ အနီးစပ်ဆုံးဖြစ်အောင် ဖော်ပြထားပါသည်။

**စိတ်ကူးချိုချို**

ဤစာအုပ်သည် စကားပြောစာအုပ် **(Speaking)** သာ ဖြစ် ပါ၍ မလေးစာပေ **(Literature)** ပိုင်းနှင့် ပတ်သက်ပြီး အခြေခံ သဒ္ဒါလောက်ကိုသာ ဖော်ပြထားပါသည်။ အသံထွက်နည်းနှင့် စကား ပြောကိုသာ ဦးစားပေးရေးသားထားခြင်း ဖြစ်ပါသည်။ မလေးဝေါ ဟာရပိုင်း **(Vocabulary)** နှင့် ပတ်သက်ပြီး စာရေးသူ၏ "မြန်မာ-အင်္ဂလိပ်-မလေး ဝေါဟာရအိတ်ဆောင်"စာအုပ်တွင် လေ့လာနိုင်ပါ သည်။

ဤစကားပြောစာအုပ်နှင့် ပတ်သက်ပြီး စာရေးသူ၏ ကြိုးစား တင်ပြမှုအပေါ် ဝေဖန်အကြံပေးချက်အားလုံးကို ကြိုဆိုပါသည်။

**M . ရိုန်မြင့်**

# မလေးရှားနိုင်ငံ

မလေးရှားနိုင်ငံတွင် အရှေ့မလေးရှားနှင့် အနောက်မလေးရှားတို့ ပါဝင်ဖွဲ့စည်းထားပြီး၊ ၎င်းအရှေ့အနောက် မလေးရှားတို့သည် ကီလို မီတာ ၇၀၀ ကွာဝေးပြီး တောင်တရုတ်ပင်လယ်ခြားလျက် ရှိသည်။ မလေးရှားနိုင်ငံ၏ အကျယ်အဝန်းသည်၊ ဧရိယာ ၃၃၂၀၀၀ စတုရန်း ကီလိုမီတာ ရှိသည်။ လူဦးရေ (၁၉) သန်းကျော် နေထိုင်လျက် ရှိ သည်။ ၎င်းလူဦးရေ (၈၅) ရာခိုင်နှုန်းခန့်သည် အနောက်မလေးရှား (မလေးကျွန်းဆွယ် **Peninsular Malaysia**တွင် နေထိုင်ပြီး (၁၅) ရာခိုင်နှုန်းခန့်သည်၊ အရှေ့မလေးရှားတွင် နေထိုင်သည်။

မလေးရှားနိုင်ငံသည်၊ လူမျိုးကြီးသုံးမျိုး ပူးပေါင်းနေထိုင်သော နိုင်ငံ **(Multinational State)** ဖြစ်ပြီး မလေးလူမျိုး (၄၅) ရာခိုင် နှုန်း၊ တရုတ်လူမျိုး (၃၃) ရာခိုင်နှုန်း၊ အိန္ဒိယလူမျိုး (၁၀) ရာခိုင် နှုန်း နေထိုင်ကြသည်။ ဘာသာရေးနှင့် ပတ်သက်ပြီး လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိပြီး အစ္စလာမ်ဘာသာ **(Islamic)** ကိုးကွယ်မှု များပြား သည့်အတွက် အစ္စလာမ်ဘာသာကိုးကွယ်သော နိုင်ငံဟု သတ်မှတ် ထားသော်လည်း ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ ကိုးကွယ်မှု အများအပြားရှိသည်။ သက်ဆိုင်ရာလူမျိုးအလိုက် ဘာသာ ရေးနှင့် ပတ်သက်သောနေ့ထူးနေ့မြတ်များကို နိုင်ငံတော် ရုံးပိတ် ရက်အဖြစ် သတ်မှတ်ပေးထားသည်။ ၎င်းဘာသာကြီးလေးမျိုးနှင့် သက်ဆိုင်သော ဘုရားကျောင်းများ၊ ဘာသာရေးပွဲတော်များလည်း

ကျင်းပကြသည်။

အနောက်မလေးရှားဟု ခေါ်သော မလေးကျွန်းဆွယ်သည် တောင်နှင့်မြောက် ကီလိုမီတာ (၉၀၀) ကျော် ရှိပြီး အရှေ့နှင့်အနောက် ကီလိုမီတာ (၅၀၀) ခန့် ရှိသည်။ အရှေ့မလေးရှားသည် ကယ်လီမန်တန် **(Kalimantan)** ကျွန်းစုပေါ်၌ တည်ရှိပြီး အင်ဒိုနီးရှားပိုင်နယ်မြေနှင့် ထိစပ်လျက် ရှိပြီး၊ မလေးရှားပိုင် ဆာရာဝပ် **(Sarawak)** ပြည်နယ်နှင့် ဆာဘား **(Sabah)** ပြည်နယ်တို့ရှိသည်။ ဆာရာဝပ်ပြည်နယ်ပေါ်၌ ဘရူနိုင်း **(Brunei)** နိုင်ငံတည်ရှိသည်။ အနောက်မလေးရှားသည်၊ တနင်္သာရီကမ်းမြောင်ဒေသနှင့် တစ်ဆက်တည်းသော ကျွန်းဆွယ်ဖြစ်ပြီး မြောက်ဘက်တွင် ယိုးဒယားနိုင်ငံနှင့် နယ်မြေချင်း ထိစပ်လျက်ရှိပြီး တောင်ဘက်အဆုံး၌ စင်ကာပူကျွန်းနိုင်ငံ **(Singapore)** တည်ရှိသည်။

မလေးရှားနိုင်ငံ၏ မြောက်မှ တောင်သို့ အဝေးပြေးလမ်းမကြီး **(North - South highway)** လမ်းမကြီးဖောက်လုပ်ထားသည်။ ရာသီမရွေး သုံးနိုင်သော လမ်းများကိုလည်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းမြို့တော်များကို ဖောက်လုပ်ထားသည်။ ရထားလမ်းကို မြောက်ဘက် ယိုးဒယားနယ်စပ်ရှိ **(Padang Besar)** မှ ကွာလာလမ်ပူ၊ ၎င်းမှ တောင်ဘက်အဆုံး **(Johor Bahru)** သို့ လည်းကောင်း၊ အရှေ့တောင်ဘက် **(Kota Bahru)** အနီး၊ ယိုးဒယားနယ်စပ်မှ တောင်ဘက် **(Johor Bahru)** သို့ သွားသည့်လမ်းနှင့် ဆက်သွယ်သည့် အဝေးပြေးရထားလမ်းနှစ်လမ်း ရှိသည်။ အရှေ့မလေးရှား၌ ဆာရာဝပ် **(Sarawak)** ပြည်နယ်၏ မြို့တော် ကူချင်း **(Kuching)** နှင့် ဆာဘား **(Sabah)** ၏ မြို့တော်၊ ကိုတာ **(Kota Kinabala)** သို့ ဘရူနိုင်းနိုင်ငံကို ဖြတ်လျက် အဝေးပြေးလမ်းမကြီးဖောက်လုပ်ထားသည်။ ရာသီမရွေး အသုံးပြုနိုင်သော လမ်းများလည်း အမြောက်အမြား ဖောက်လုပ်ထားသည်။ လေကြောင်းပို့ဆောင်ရေးနှင့် ပတ်သက်

ပြီး ပြည်နယ်မြို့တော်များအပြင် ဆိပ်ကမ်းမြို့များ၊ စီးပွားရေးအချက်အချာကျသော မြို့များသို့ လွယ်ကူစွာ သွားလာနိုင်သည်။

မလေးရှားနိုင်ငံသည် ကိုလိုနီအဆင့်ဆင့်ဖြစ်ခဲ့ပြီး၊ နောက်ဆုံး ဗြိတိသျှ ကိုလိုနီလက်အောက်မှ (၁၉၅၇) ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရစဉ်က စင်ကာပူနိုင်ငံသည် မလေးရှားပြည်ထောင်စုအတွင်းတွင် ပါဝင်ခဲ့ပြီး (၁၉၆၅) ခုနှစ်တွင် သီးခြားလွတ်လပ်သည့် နိုင်ငံအဖြစ် ခွဲထွက်သွားခဲ့သည်။

မလေးရှားနိုင်ငံသည် ရှေးယခင်က ရာဘာစိုက်ပျိုးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ရေလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။ နောက်ပိုင်းတွင် ဆီအုန်းလုပ်ငန်း လုပ်ကိုင်ရာမှ စီးပွားရေးဖွံ့ဖြိုးလာပြီး တစ်ဝက်ကူး လျှပ်စစ် **(Semiconductor)** လုပ်ငန်းများ လုပ်ကိုင်ရာမှ တိုးတက်လာပြီး အရှေ့တောင်အာရှတွင် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် ရပ်တည်၍ စီးပွားရေးနယ်ပယ်တွင် ကျားတစ်ကောင်အဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။

မလေးရှားနိုင်ငံသည် အစ္စလာမ်ဘာသာ ကိုးကွယ်သောနိုင်ငံဟု သိရှိထားသော်လည်း လောင်းကစားနှင့် ပတ်သက်ပြီး အရှေ့တောင်အာရှတွင် ကြီးမားသော ကာဆီနို**(Casino)**ကြီးကို မြို့တော်ကွာလာလမ်ပူမှ ကားဖြင့် နှစ်နာရီခန့်သွားရသော **(Pahang)** ပြည်နယ်တောင်ကြောပေါ်တွင် **Genting Highland** ၌ ဖွင့်လှစ်ထားသည်။ ၎င်း **Genting Highland** သည် ပင်လယ်ရေမျက်နှာပြင်ထက် ပေ (၆၀၀၀) ၌ ဆောက်လုပ်ထားခြင်း ဖြစ်သည်။ (၂၄) နာရီဖွင့်လှစ်သော လောင်းကစားဝိုင်းများ ရှိသည်။ မြို့တော်ကွာလာလမ်ပူမှ စဉ်ဆက်မပြတ် ပြေးဆွဲသော၊ လေအေးစက်တပ်ကား **(Aircon bus)** များရှိသည်။ အငှားကား **Taxi** များရှိသည်။ မြို့တော် ကွာလာလမ်ပူတွင်၊ ကမ္ဘာ့အမြင့်ဆုံးနာမည်ကြီး အမြွှာမျှော်စင် **(Petronas)**၊

**k.L. Tower** ဗုဒ္ဓဘုရားကျောင်းအပါအဝင်၊ နာမည်ကြီးထင်ရှားသော ကြည့်ရှုလည်ပတ်စရာ အမြောက်အမြားရှိသည်။

မလေးရှားနိုင်ငံငွေကြေးသည်၊ ရင်းဂစ်**(Ringgst)**ဟု ခေါ်ပြီး (အမေရိကန်တစ်ဒေါ်လာသည်၃.၈ ရင်းဂစ်နှင့် ညီမျှသည်။) အကြွေစေ့များကို၊ ၅ ဆင့်မှ ၁ ရင်းဂစ်အထိ လည်းကောင်း၊ ငွေစက္ကူကို (၁-၅-၁၀-၂၀-၅၀-၁၀၀-၅၀၀-၁၀၀၀) ရင်းဂစ် ဟူ၍ ရှိသည်။ မလေးရှားနိုင်ငံတွင် ထီလုပ်ငန်း**(Lottery)** ကို၊ (၁၅)ရက် တစ်ကြိမ်ဖွင့်လှစ်ပြီး ၎င်းထီလက်မှတ်သည် ချက်ချင်းကံစမ်းရန် ဖြတ်ပိုင်းလေးတစ်ခု ပူးတွဲပါရှိသည်။ ၎င်းထီလုပ်ငန်းအပြင်၊ ကုမ္ပဏီကြီး(၃)ခုဖြစ်သော**(Magnum Co;) (Sport To - To ) (1+3D)**တို့ကလည်း၊ အပတ်စဉ် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေနေ့များနှင့် ဂဏန်း လေးလုံး၊ ဂဏန်းငါးလုံး၊ ဂဏန်းခြောက်လုံး၊ ကြိုက်နှစ်သက်ရာ ကစား၍ ရစေရန် ပေါက်ဂဏန်းများ ထုတ်ပေးလျက် ရှိသည်။

မလေးရှားနိုင်ငံသည်၊ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် (၄)နှစ်တစ်ကြိမ်ရွေးကောက်ပွဲပြုလုပ်ပြီး၊ အစိုးရဖွဲ့စည်း၍ အုပ်ချုပ်သည့် ဒီမိုကရေစီနိုင်ငံဖြစ်သည်။ နိုင်ငံ၏အကြီးအကဲအဖြစ် သက်ဆိုင်ရာပြည်နယ်များမှ စူလတန်များ **(Sultan)**နှင့်၊ စော်ဘွားအုပ်ချုပ်သောပြည်နယ်မဟုတ်သည့်တိုင်းများမှ၊ သက်ဆိုင်ရာတိုင်းအတွင်းရှိ လူထုက ရွေးကောက်သော အကြီးအကဲတို့ကို (၅)နှစ်လျှင် တစ်ကြိမ် မလေးနိုင်ငံ၏ ဘုရင်အကြီးအကဲအဖြစ် သက်မှတ်၍၊ကွာလာလမ်ပူရှိနန်းတော်၌ နေထိုင်သည်။ တိုင်းပြည်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ရွေးကောက်ပွဲတွင် အနိုင်ရရှိသောပါတီမှ ဦးဆောင်၍ အစိုးရဖွဲ့စည်းပြီး၊ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများကို ရွေးချယ်သည်။ လက်ရှိမလေးရှားနိုင်ငံ၏ ဝန်ကြီးချုပ်သည်၊ ဒေါက်တာမဟာသီရာဖြစ်သည်။

မြို့တော်ကွာလာလမ်ပူမှ သက်ဆိုင်ရာပြည်နယ်တိုင်းများသို့သော် လည်းကောင်း၊ မြို့တော်ကွာလာလမ်ပူတွင် လည်းကောင်း၊ သွားလာရေးလွယ်ကူစေရန်အတွက် မြို့တွင်းသွား ဘတ်စကားများ၊ အဝေးပြေးဘတ်စကားများ အမြောက်အမြားရှိသည်။ အဆင်ပြေချောမွေ့စေရန် (Bus station) ကြီးများကို ထားရှိသည်။ ၎င်းတို့မှာ-

၁။ klang Bus Station

၂။ Jalan Sultan Mohammed Bus Station

၃။ Bangkok Bank Bus Stand

၄။ Pudu Raya Bus Stand

၅။ Chow Kil Road Bus Stand တို့ ဖြစ်သည်။

ခရီးစဉ်နှင့် ဒေသအလိုက် ခွဲခြားထားခြင်း ဖြစ်သည်။ ၎င်းကားဂိတ်ကြီးများသည် ကွာလာလမ်ပူမြို့၏ စည်ကားရာအရပ်ဖြစ်သော မြို့လယ်ဝန်းကျင်၌ တည်ရှိသည်။ ဘတ်စကားများကို (Mini-bus) နှင့် (Omni-bus) ကားကြီးတို့ ရှိကြပြီး အချို့ဘတ်စကားများသည် လက်မှတ်ရောင်းသူမပါဘဲ ကိုယ်တိုင်လက်မှတ်ယူစနစ်ဖြစ်သည်။ (Mini-bus) များသည် ခရီးစဉ်တစ်ခုလုံးအတွက် ကားခပုံသေဖြစ်ပြီး (Omni-bus) များသည် ခရီးအကွာအဝေးအလိုက် ကားခပေးရသည့် စနစ်ဖြစ်သည်။ Taxi အငှားယာဉ်များသည်၊ ပထမ ၁ ကီလိုမီတာအတွက် (၁.၅၀R.M)၊ နောက်ထပ်ကီလိုမီတာ တစ်ဝက်အတွက် ၁၀ ဆင့်ပေးရသောစနစ်ဖြစ်သည်။ (၁၉၉၅ ခုနှစ်)၊ လေဆိပ်နှင့် ရထားဘူတာရုံတို့မှ အငှားယာဉ်များတွင်မူ၊ သက်ဆိုင်ရာကောင်တာမှ ကူပွန်ဝယ်စီး၍ ရသည်။ (၂၄) နာရီအငှားယာဉ်စနစ်ရှိပြီး ၎င်းအငှားယာဉ်များကိုမူ ဖုန်းဖြင့် ဆက်သွယ်၍ အသုံးပြု၍ရသည်။

## မလေးရှားနိုင်ငံ တိုင်းနှင့် ပြည်နယ်များ

| | တိုင်း/ပြည်နယ် | မြို့တော် |
|---|---|---|
| 1. | Perlis | - Kangar |
| 2. | Kedah | - Alor setar |
| 3. | Penang | - George town |
| 4. | Perak | - Ipoh |
| 5. | Selangor | - Shah Alam |
| 6. | Negeri Sembilan | - Seremban |
| 7. | Melaka | - Malacca |
| 8. | Johor | - Johor Bahru |
| 9. | Pahang | - Kuantan |
| 10. | Kelantan | - Kota Bahru |
| 11. | Terengganu | - Kuala Terengganu |
| 12. | Sarawak | - Kota kinabalu (အရှေ့မလေးရှား) |
| 13. | Sabah | - Kuching (အရှေ့မလေးရှား) |
| 14. | Federal territory of Kual Lumpur | - Kuala Lumpur |
| 15. | Federal territory of Labuan (သီးခြားကျွန်းငယ်) | - Victoria |
| * | နိုင်ငံမြို့တော် | - Kuala Lumpur |

မလေးရှားနိုင်ငံသည် အီကွေတာနှင့် နီးသည့်အတွက် စွတ်စိုသော အပူပိုင်းရာသီဖြစ်သည့် မိုးရာသီနှင့် နွေရာသီနှစ်ခုသာ ရှိသည်။ မြန်မာနိုင်ငံနှင့် အချိန်နာရီ နှစ်နာရီ ကွာခြားသည်။ နံနက် ၇ နာရီခန့် နေထွက်ပြီး ည ၇ နာရီခန့်မှသာ နေဝင်တတ်သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့မှ မလေးနိုင်ငံ ကွာလာလမ်ပူမြို့သို့ လေယာဉ်

ဖြင့် ခရီးသွားလျှင် နှစ်နာရီခန့် ကြာမြင့်သည်။ မီးရထားဖြင့် သွားလျှင် ယိုးဒယားနိုင်ငံ ဘန်ကောက် **(Bangkok)** မြို့မှ တိုက်ရိုက်သွားနိုင်သည်။ ဘန်ကောက်မြို့မှ မလေးနိုင်ငံ ကွာလာလမ်ပူမြို့ကိုဖြတ်ပြီး စင်ကာပူနိုင်ငံ စင်ကာပူမြို့အထိ ရထားလမ်းနှင့် အဝေးပြေးကားလမ်းများ ဖောက်လုပ်ထားရှိ၍ တိုက်ရိုက်သွားနိုင်သည်။ မလေးရှားနိုင်ငံတွင် နိုင်ငံတကာ ငွေကြေးများ လဲလှယ်ခြင်းကို **(Money Exchange)** ဘဏ်ကြီးများ၌သော်လည်းကောင်း၊ လိုင်စင်ရငွေလဲလှယ်သူများထံ၌သော်လည်းကောင်း လဲလှယ်၍ရသည်။ မလေးရှားနိုင်ငံသူ/နိုင်ငံသားများသည် နိုင်ငံသားကတ်ကို ကိုယ်နှင့်မကွာ ဆောင်ထားရသည်။ မလေးရှားနိုင်ငံသားတို့သည် ငွေများများကိုင်ဆောင်ခြင်းမရှိဘဲ ကတ်ပြားစနစ်များ ကျင့်သုံးကိုင်ဆောင်ကြသည်။

(၁) နိုင်ငံသားကတ် **(Identification Card)**

(၂) ဘဏ်အပ်ငွေစာရင်း **(Saving Account Card)**

(၃) ကြွေးဝယ်ကတ် **(Credit Card)**

(၄) တယ်လီဖုန်းကတ် **(Telephone Card)**တို့ ဖြစ်သည်။

အများပြည်သူသုံး တယ်လီဖုန်းရုံများကို နေရာအနှံ့အပြားထားရှိပြီး ပင်လယ်ရပ်ခြား(နိုင်ငံခြား) ဆက်သွယ်သည့်ဖုန်းရုံ **(Overseas)** များလည်း အချို့နေရာများ၌ထားရှိပေးပြီး တိုက်ရိုက်ဆက်သွယ်နိုင်သည်။ ငွေထုတ်ရာ၌လည်း လွယ်ကူစေရန် **ATM** စက် **(Auto teller machine)** များကို နေရာအနှံ့ထားရှိသည်။

# အပိုင်း (၁)

## နိဒါန်း၊လက်ရေးစာမှု (The Script)

မလေးရှားဘာသာစကားတွင် ကွဲပြားခြားနားသော လက်ရေးစာမူနှစ်မျိုး ရှိသည်။ JAWIC (ဂျာဝိ) နှင့် RUMI (ရွမ်းမိ) တို့ဖြစ်သည်။ JAW သည် အာရေဗျ (Arabic) စာများကဲ့သို့ ဖြစ်ပြီး၊ ၁၅ ရာစုတွင် (အစ္စလာမ်ဘာသာ) မူဆလင်သာသနာပြုများ၊ မလေးရှားနိုင်ငံသို့ ရောက်လာစဉ်က ယူဆောင်လာခြင်း ဖြစ်သည်။ မလေးရှားစာကြီးပေကြီး၌ တွေ့နိုင်သည်။ (Classical Malay Literature) RUM မှာ ရောမဗျည်းများမှ သက်ဆင်းလာပြီး ဗြိတိသျှအုပ်ချုပ်မှု (British Administration) ကာလတွင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။

ၿငင်းလက်ရေးစာမူနှစ်မျိုးအနက် Rumi လက်ရေးစာမူတစ်ခုတည်း အသုံးပြုရုံဖြင့် လုံလောက်မှုရှိပြီး ပိုမိုလွယ်ကူသည်။

## (၁) ဗျည်းများ (The Consonants)

မလေးစာပေတွင် ဗျည်းများမှာ အင်္ဂလိပ် (English) ဗျည်းများသာ ဖြစ်ပြီး အသံထွက်ရာ၌လည်း အင်္ဂလိပ်အသံထွက်အတိုင်းပင် ဖြစ်သည်။ သို့သော် အချို့စာလုံးများမှာ အသံထွက်ကွဲလွဲမှုရှိသည့်အတွက် ဗျည်းတစ်လုံးချင်းအလိုက် အနီးစပ်ဆုံး အခြေခံအသံထွက်ကို ဖော်ပြထားသည်။

မလေးဘာသာစကား လေ့လာရာ၌ အင်္ဂလိပ်ဗျည်းများကို သုံးထားသည့်အပြင်၊ အချို့သော အခေါ်အဝေါ်များကို အင်္ဂလိပ်အသံထွက်အတိုင်း ထွက်သည်ကို တွေ့ရသည်။ စာလုံးပေါင်း အနည်းငယ် ကွဲလွဲမှုသာ ရှိသည်။

ဥပမာ–

| **အင်္ဂလိပ်** | **မလေး** | **အသံထွက်** | **မြန်မာ** |
|---|---|---|---|
| Taxi | Teksi | တက္ကစီ | အငှားယာဉ် |
| Bicycle | Basikal | ဘာစီကယ်လ် | စက်ဘီး |
| Lift | Lif | လစ်(ဖ်) | ဓာတ်လှေကား |
| Telephone | Telefon | တယ်လီဖွန် | တယ်လီဖုန်း |
| Apple | Epal | အက်ပယ်လ် | ပန်းသီး |
| Doctor | Doktor | ဒေါက်တာ | ဆရာဝန် |

ငင်းအပြင် အချို့သော အခေါ်အဝေါ်များသည် ပါဠိ (မြန်မာ) ဘာသာနှင့် တူသည်ကိုလည်း တွေ့ရသည်။

ဥပမာ–

| **အင်္ဂလိပ်** | **မလေး** | **အသံထွက်** | **မြန်မာ** |
|---|---|---|---|
| Town | pura | ပူရ | မြို့ |
| Hero | Nara | နာရ | သူရဲကောင်း |
| Earth | Bumi | ဘူမိ | မြေကြီး |
| Sun | Suria | စူရိယ | နေ |
| North | Utara | အူတာရ | မြောက်အရပ် |
| Time | Kala | ကာလ | အချိန်ကာလ |
| Dragon | Naga | နာဂါး | နဂါး |
| Fool | Bahlul | ဘာလား | လူမိုက် |
| Taste | Rasa | ရစ | အရသာ |
| Air | Hawa | ဟာဝါး | လေ |

## (၂) အသံထွက်များ (Pronunciations)

(က) သရများ (The Vowels)

သရ ၆ ခု ရှိသည် [a - e-é (pepet) - i-o-u]

၁။ A သည် aa သို့မဟုတ် ar (tar, bar) 'အာ' သံထွက် ရသည်။ အသုံးများသလို အဓိကကျသော သရဖြစ်သည်။ "at" ကို အင်္ဂလိပ်အသံကဲ့သို့ (အက်တ်)ဟု မထွက်ရဘဲ၊ (အပ်)ဟု ထွက်ရသည်။ Aသည် စကားတစ်ခု၏ နောက်ဆုံး၌ရှိပါက "အား" အသံထွက်ရပါသည်။

ဥပမာ။ ကျွန်ုပ် – Saya Sa-yaa(ဆာယား) ဟု လည်း ကောင်း၊ စားသည် – Makan Ma-kan(မာကန်း) ဟု လည်း ကောင်း၊

၂။ (က) E အက်သံထွက်ရမည်။ အသံကို ဖျော့၍ ထွက်ပါ။

ဥပမာ။ ကြီးသော – Besar Be - sar (ဘက်စား၍)

အရသာရှိသော – Sedap Se-dap (ဆက်ဒပ်)

(ခ) É ကို (အေ) သံထွက်ရသည်။ (အား၍) သံထွက်ရသော စာလုံးများ၌ အား သံအားမြန်မြန်တိုတိုထွက်ရန်။

ဥပမာ။ စားပွဲ – Méja Mé-ja (မေဂျား)

ငှားရမ်းခ – Séwa Sé - wa (ဆေးဝါး)
ကြည့်သည်– Téngok Té ngok (တေငေါ့)
မျောက် – Kera ကို Kraa˚(ကရား) ဟု လည်း ကောင်း၊
မြေပုံ – Peta ကို Ptaa (ပတား) ဟု လည်းကောင်း၊

၃။ I သည် ee (အီ၊ အီး) ဟု အသံထွက် (feed, deed) ထိုသို့ အီ၊ အီးအသံထွက်ရာ၌ ၎င်းအသံသည် မရှည်ရပါ။

ဥပမာ။ ပါး – pipi ကို Pee - jee (ပီပီး)
အစေ့ – Biji ကို Bee-pee (ဘီဂျီး)
ပူသော – Manis ကို Ma-nis (မာနိစ်)
သောက်သည် – Minum ကို Mi -num (မီနွန်းမ်)

၄။ O သည် or (အော်) သို့မဟုတ် aw (အော) ဟု အသံထွက် (Law, raw)

ဥပမာ။ ဘောလုံး – bola ကို baw - Laa (ဘောလား)
ပေါင်မုန့် – roti ကို raw-tea (ရော်တီး)
ဦးထုပ် – topi ကို taw-pee (တော်ပီး)

O ကို အသံထွက်ရာ၌ တွဲသော စာလုံးပေါ်မူတည်၍ အသံပြောင်းတတ်သည်။ သာမန်အားဖြင့် အင်္ဂလိပ်သံ'အို' ဟုလည်း ထွက်သည်။

ဥပမာ။ ကူညီသည် – Tolong To-Long (တိုလုန်း/လောင်း)
ညစ်ပတ်သော – Kokor Ko-tor (ကိုတိုးရ်/တော)
ဗလာ/သုည – Kosong Ko-Song (ကိုဆုန်း/ဆောင်း)

၅။ U သည် oo (အူး) ဟု အသံထွက်ရန် (boot, Soot) U ကို စကားလုံး၏ အစပိုင်းတွင်မူ (ယူ) သံထွက်သည်။ U ၏ နောက်မှတွဲ၍ သုံးသောစကားလုံးကို လိုက်၍လည်း

အသံပြောင်းတတ်သည်။

UN = အွန် UT = အွတ်

UK = အို့တ် UR = အိုးရ်

ဥပမာ။ နို့ – Su Su ကို Soo-Soo (စူးစူး)

စာအုပ် – Buku ကို boo-koo(ဘူကူး)

ခုနစ် (၇) – Tujuh ကို Tu-juh (တူဂျူးဟ်)

သောက်သည် – Minum ကို Mi- num (မီနွန်းမ်)

## အသံထွက်ပုံစံနမူနာများ

Dewi (နတ်သမီး) – dare-wee (ဒဲ–ဝီ)

Ketam (ဂဏန်း) – Ktaam (ကတမ်း)

Kikis (ခြစ်သည်) – Kee-kees (ကီး–ကိစ်)

Merah (အနီရောင်) – mare - raah (မဲ–ရား)

Pipit (စာကလေး) – pee-peet (ပီး–ပိ)

Parang (စစ်) – Praang (ပရန်းဂ်)

Padang (ကွင်းပြင်) – Pa-daang (ပါ–ဒန်း)

Sayap (တောင်ပံ) – Sa - yaap (ဆာ–ရပ်)

Kasut (ဖိနပ်) – Ka - soot (ကာ–ဆွတ်)

Lompat (ခုန်သည်) – Lorn-paat (လွန်းမ်–ပတ်)

## (ခ) ကာရန်သရများ (DIPTHONGS)

ကာရန်သရများမှာ ai - au - oi တို့ ဖြစ်သည်။

(၁) ai အား igh (အိုင်း) သို့မဟုတ် ie (အိုင်) ဟု အသံထွက်ရန်။

sigh – ဆိုင်း

tie – တိုင်

ဥပမာ – misai (moustache) နှုတ်ခမ်းမွေး
mee - sigh (မီ–ဆိုင်း) ဟု အသံထွက်ရန်
– pantai - (beach) သဲသောင်ယံ
paan - tie (ပန်းတိုင်) ဟု အသံထွက်ရန်

(၂) au အား ow (အောင်း) ဟု အသံထွက်ရန်
now – နောင်း
cow – ကောင်း
ဥပမာ။ – Kerbau (buffalo) ကျွဲ
Ker-bow (ကာ –ဘောင်း) ဟု အသံထွက်ရန်
– hijau (green) အစိမ်းရောင်
hee - jow (ဟီး – ဂျောင်း) ဟု အသံထွက်ရန်

(၃) Oi အား အင်္ဂလိပ်အသံထွက်အတိုင်း oy သံ (အွိုင်း) ဟု ထွက်ရန်
toy – တွိုင်း
joy – ဂျွိုင်း
ဥပမာ။ – Kaloi (a fish) ငါးတစ်ကောင်
– Kar - Loy (ကာ–လွိုင်း) ဟု အသံထွက်ရန်
– tampoi (a tree) သစ်ပင်တစ်ပင်
tum - poy (တွန်း–ပွိုင်း) ဟု အသံထွက်ရန်

## (ဂ) ဗျည်းများ (Alphabet)

၁။ B အင်္ဂလိပ်အသံထွက်အတိုင်း ဖြစ်သည်။ (b) သည် နောက်ဆုံး၌ရှိလျှင်မူ p (ပ) သံထွက်သည်။
besar = be - sar (ကြီးသော) ဘက် – စားရ်
men-ja - wab (ဖြေပါ) ပင်န်ဂျာဝပ်

၂။ C အင်္ဂလိပ်စာလုံး ch (စီအိပ်ချ်) ချသံထွက်ရမည်၊

Cuci (ချူချီး) သန့်ရှင်းသည်၊ Cu - ci
Kucing (ကူချင်း) ကြောင်၊ Ku - cing
Cawan (ချာဝမ်န်) ခွက်၊ Ca - wan

၃။ D အင်္ဂလိပ်စာလုံး D (ဒ) သံအတိုင်း ထွက်ရသည်။
စာလုံး၏ နောက်ဆုံး၌ရှိလျှင် t (တ) သံထွက်ရသည်။
ada = a - da (အာဒါး) မှာ ရှိသည်။
dagu = da - gu (ဒါဂူး) မေးစေ့။
Hari Ahad = ha - ri (ဟာရိ အဟတ်) တနင်္ဂနွေနေ့

၄။ DH ၎င်းသည် th (သ) သံနှင့် တူသလိုရှိသည်။
dharurat = (သာရူရတ်) dha - rat
= အရေးပေါ်ကိစ္စ

၅။ F အင်္ဂလိပ်အသံထွက် (ဖ) အတိုင်း ထွက်ရသည်။ အမှန် ထွက်လျှင်မူ p (ပ) သံဖြင့်သာ ထွက်လေ့ရှိသည်။ မလေး စကားစစ်စစ်တွင် (ဖ) အသံထွက်မရှိပါ။

၆။ G အင်္ဂလိပ်စာလုံးမှ go, gun (ဂ) သံအတိုင်းထွက်ရသည်။
gem, ginger =(ဂျ) သံမထွက်ရပါ။
gambar = gam - bar (ဂမ်ဘာ) ရုပ်ပုံ။
guru = gu-ru (ဂူးရု) ဆရာ။
pergi = per-gi (ပယ်ဂီး) သွားသည်။

၇။ GH ၎င်းသည် ပြင်သစ်စကားလုံး paris (ပါရိ) ဟူသော (r) အသံထွက်နှင့် ဆင်သယောင်ရှိသည်။
mashghul = mash - ghul (မတ်ရ်ုရူး) ဝမ်းနည်းသော

၈။ H အင်္ဂလိပ်စာလုံး H (အိပ်ချ်) သံအတိုင်း ထွက်ရသည်။

သို့သော် ၄င်း H သည် နေရာအလိုက် h သံပျောက်ရခြင်း၊ ပီပီသသထွက်ရခြင်း ရှိသည်။

(က) hari = ha - ri (ဟာရီ) နေ့ရက်

hutan = hu -tan (ဟူတန်း) (အူတန်း) တော

(ခ) လုံးတူသရနှစ်လုံးပါသော စာလုံးများ၌ H သံကို ပီသစွာ ထွက်ရသည်။

Léher = Lé - her (လည်ဟဲရ်) လည်ပင်း

(ဂ) မတူသော သရနှစ်လုံးကြား၌ H ရှိလျှင် အသံပျောက် ၍ ထွက်တတ်သည်။

tahun = ta - hun (တာဟွန်း) (တာအွန်း) နှစ် (ကာလ)

Pahit = Pa-hit (ပါဟစ်) (ပါအစ်) ခါးသည်။

(ဃ) စကားလုံးတစ်ခု၏ နောက်ဆုံး၌ H ရှိလျှင်မူ (ဟ) သံကို ပီသစွာ ထွက်ရသည်။ တစ်ဝက်သံ၊ သံပျောက် ဖြင့် ထွက်ရသည်၊

tujuh = tu - juh(တူဂျုဟ်) ဂဏန်းခုနစ် (၇)

၉။ J အင်္ဂလိပ်စာလုံး J(ဂျ) သံထွက်ရသည်။ အမှန်ထွက်ဆိုရာတွင် j နှင့် d(ဂျနှင့်ဒ) သံ ကြားထွက်ရသည်။

Jari = Ja - ri (ဂျာရီ) လက်ချောင်း

tujuh = tu -juh (တူဂျုးဟ်) ဂဏန်းခုနစ်

janggut = jang -gat (ဂျန်ဂွတ်) မုတ်ဆိတ်မွေး

၁၀။ K အင်္ဂလိပ်စာလုံး K (က) သံထွက်ရသည်။

Kanan = Ka-nan (ကာနန်း) ညာဘက်။

Kiri = Ki -ri (ကိရိ) ဘယ်ဘက်

Kampung = Kam-pung (ကမ်ပုန်း) ရွာ၊
Keluar = Ke-luar (ကယ်လွား) ထွက်ပေါက်၊

၁၁။ KH (ခ) သံထွက်ရသည်။ စကော့တစ်(ခ်)သံ၊ Loch (လော့ခ်) ဟူသော အသံထွက်နှင့် ဆင်တူသည်။
khabar = kha - bar (ခါဘား၇်) သတင်း၊
khamis = kha -mis (ခါမိခ်) ကြာသပတေး (နေ့)

၁၂။ L (လ) သံထွက်သည်။ စကားလုံးအဆုံး၌ရှိလျှင်မူ တစ်ဝက်သံ၊ သံပျောက်ထွက်ပေးရသည်။
Lima = Li-ma (လီမား) ဂဏန်းငါး
Gula = gu-la (ဂူလား) သကြား
Kapal = Ka-pal (ကာပါးလ်) သင်္ဘော
tinggal = tinggal (တင်ဂါးလ်) နေသည်

၁၃။ M (မ) သံထွက်သည်၊ M သည် စကားလုံးအဆုံး၌ ရှိလျှင်မူ ပါးစပ်ပိတ်ပေးရသည်။
minum = mi - num (မီနွန်းမ်) သောက်သည်။
makan = ma - kan (မာကန်း) စားသည်။
malam = ma - lam (မာလမ်း) ည (night)

၁၄။ N (န) သံထွက်ရသည်
ini = i - ni (အိနိ) = ဤအရာ
nasi = na - si (နာစီ) = ထမင်း

၁၅။ Ny (ည) သံထွက်သည်။ ‘ည’သံသည် အင်္ဂလိပ်သံတွင် မရှိပါ။ စပိန်စကားမှ ‘n’ အားထွက်သည့်အသံနှင့် တူသည်။ senor ဟူသော စာလုံးကို စပိန်သံဖြင့် (ဆီညော်)ဟု ထွက်သည်။

minyak = mi - nyak (မီးညတ်) ဆီ

banyak = ba - nyak (ဘာညတ်) များပြားသော

nyanyi = nya - nyi (ညာညီး) သီချင်းဆိုသည်။

၁၆။ NG (င) သံထွက်သည်။ ngapi (ငပိ) ဟု ထွက်သည်။

bunga = bu - nga (ဘွန်း င) = ပန်း

Singapura = Singa - pu - ra (စင်ငပူရ)

၁၇။ NGG NG နှင့် G ပေါင်းထားရာ၌ ng သည် ၎င်း၏ရှေ့၌ရှိသော သရနှင့် ပေါင်း၍ အသံထွက်ပြီး နောက်မှ g ကို (ဂ) သံသာထွက်ရသည်။

ringgit = ring - git (ရင်းဂစ်) ဒေါ်လာ

tinggi = ting - gi (တင်ဂီ) မြင့်သည်

၁၈။ P (ပ) သံထွက်သည်။ စကားလုံးအဆုံး၌ p ရှိလျှင် ပါးစပ်ပိတ်ပေးရသည်။

pergi = per - gi (ပယ်ရ်ဂီး) သွားသည်

pipi = pi - pi (ပိပိ) ပါး

pintu = pin - tu (ပင်သု) တံခါး

Sedap = Se - dap (ဆက်ဒပ်ပ်) အရသာရှိသော

tangkap = tang - kap (တန်ကပ်ပ်) ဖမ်းသည်

၁၉။ R (ရ) သံထွက်သည်။ စာလုံးအဆုံး၌ R ရှိလျှင် (ရ်) သံတစ်ဝက်သံထွက်ရသည်။ စကားလုံးရှေ့၌ ber, per ရှိပြီး ၎င်းနောက်မှ ဗျည်းလိုက်ပါက (ရ) သံ ပျောက်လေ့ ရှိသည်။

roti = ro - ti (ရိုတီး/ရောတီး) ပေါင်မုန့်

utara = ဥတာရား မြောက်အရပ်

telur = te - lur (တလိုး) ကြက်ဥ

berjalan = ber - ja - lan (ဘယ်ဂျလန်း)

လမ်းလျှောက်သည်

၂၀။ S (စ) သံထွက်သည်။ စကားလုံးအဆုံး၌ S ရှိလျှင် (စ်) သံကို တစ်ဝက်သံထွက်ရသည်။

manis = ma - nis (မာနိစ်) ချိုသော

masam = ma - sam (မာစန်းမ်) ချဉ်သော

ratus = ra - tus (ရာသို့စ်) ရာဂဏန်း

၂၁။ Sy (ရှ) သံထွက်သည်။ အင်္ဂလိပ်အသံထွက် (sh) သံဖြစ်သည်။

Syarikat = Sya - ri - kat (ရှာရီကတ်) ကုမ္ပဏီ

၂၂။ T (တ) သံထွက်သည်။ စကားလုံး၏ နောက်ဆုံး၌ t ရှိလျှင် အသံပျောက်ထွက်ရသည်။

tangan = ta - ngan (တာငန်း)လက်

Roti = ro - ti (ရိုတီ/ရောတီး) ပေါင်မုန့်

bukit = bu - kit (ဘူကစ်) တောင်ကုန်း

kasut = ka - sut (ကာဆွတ်) ဖိနပ်

၂၃။ W (ဝ) အသံထွက်ရသည်။

warna = War - na (ဝါရ်နား) အရောင်

bawa = ba - wa (ဘာဝါး) သယ်ဆောင်သည်၊ ယူလာသည်

jawab = ja - wab (ဂျာဝပ်) ဖြေကြားသည်

၂၄။ Y (ယ) သံထွက်ရသည်။ (ယပက်လက်)

kaya = ka - ya (ကာယား) ချမ်းသာသော

kayu = ka - yu (ကာယူး) သစ်သား

jaya = ja - ya (ဂျာယား) အောင်မြင်သော

၂၅။ Z (ဇ) သံထွက်ရသည်။ (ဇကွဲ)

Zaman = Za - man (ဇာမန်း) အချိန်ကာလ

muzium = mu - zium (မြူဇီယွင်) ပြတိုက်

✳

# (၃) အခြေခံသဒ္ဒါ

I go to school

Saya pergi ke sekolah.

ဆာယား ပယ်ရ်ဂီးကယ် ဆက်ကိုးလားဟ်။

အထက်ပါ ဝါကျနှစ်ခု ဖွဲ့စည်းပုံကို နှိုင်းယှဉ်ကြည့်လျှင် မလေးနှင့် အင်္ဂလိပ်စာဝါကျဖွဲ့ပုံချင်း ဆင်တူသည်ကို တွေ့နိုင်သည်။ မလေးသဒ္ဒါကို လွယ်ကူစွာ သဘောပေါက်ရန် ကွဲလွဲချက်များကို လေ့လာရန် လိုအပ်ပါသည်။

(၁) နာမ်ကို အထူးပြုသော စကားလုံးများကိုမူ၊ မြန်မာ၊ အင်္ဂလိပ် စာတို့နှင့် မတူဘဲ နာမ်၏နောက်တွင် ထားပါသည်။

that man } ဤနေရာ၌ orang သည် လူဖြစ်ပြီး (N)

Orang itu itu = ထိုအရာ (adj)

(အော်ရန်းအိတူ)

ဥပမာ –

cold water } air = water (N)

air sejuk sejuk = cold (adj)

(အိုင်းယေးစဂျီ)

(၂) ရှိသည်။ ဖြစ်သည် စသည့် Verb - to - be ကို ဝါကျ၌ ထည့်သုံးလေ့မရှိပါ။ တစ်ခါတစ်ရံ (ialah) ကို Verb - to - be အဖြစ် သုံးတတ်သော်လည်း၊ အသုံးနည်းသည်။

ဥပမာ

| Orang | itu | ialah | Cina |
|---|---|---|---|
| Orang | itu | Cina | |
| (အိုရန်း | အိတူ | ချိနား) | (Cina= China) |

(၃) is not, be not တို့အစား၊ bukan (ဘူကန်း) ဟူသော စကားတစ်လုံးတည်းသာ သုံးသည်။ (bukan = not)

Saya bukan orang cina

ဆာယား ဘူကန်း အိုရန်း ချိနား

(၄) မလုပ်နဲ့၊ မသွားနဲ့ စသည့် တားမြစ်ပြောကြားမှုများတွင် ရိုးရိုးဝါကျများ၌ သုံးသည် (bukan = not) ကို မသုံးဘဲ jangan (ဂျာငန်း) ကို သုံးသည်။

Don't come in

Jangan masuk (Masuk = Enter)

(ဂျာငန်း မာဆို့)

## နာမ် (Noun)

**Singular (အနည်း)၊ Pluarl (အများ)၊ Copulatives (ဆက်စပ်မှုများ)**

မလေးစာ (Bahava Malasia) တွင် အနည်းအများသုံးရာ၌ ပုံစံပြောင်းလဲခြင်း မရှိပါ၊ တစ်ပုံစံတည်းသုံးသည်။

I have a book. (singular) အနည်း

I have books. (plural) အများကို

Saya ada suku ဟုသာ သုံးသည်။

(I) (have) (book)

(ဆာယား အာဒါး ဘုကု)

အများ (plural) ကို သုံးရာတွင် အထူးညွှန်ပြချက်ဖြင့် သုံးသည်။

(က) ဂဏန်းဖြင့် (Numerals)

(ခ) အရေအတွက်ဖြင့် (Quantifiers)

(ဂ) အမျိုးအစားခွဲခြားရေတွက်မှုဖြင့်
(Numeral with classifiers)
နာမ် (Noun) အား ကပ်ထားလျှင် လည်းကောင်း၊ နာမ်ကို နှစ်ခါထပ်ဖော်ပြ၍ လည်းကောင်း သုံးတတ်သည်။ (Reduplication)

(၁) John has five dollars. (Numeral)
John ada lima ringgit.
(has) (s) (dollar)

(၂) Many people drink coffee. (Quantifier)
Ramai orang minum kopi.
(many. people) (drink) (coffee)

(၃) He bought five fishes. (Numberal with classifier)
Dia membeli lima ekor ikan
(He) (bought) (S) (fish)

**မှတ်ချက်။** ekor ၏ သဘောမှာ အမြီး ဟု အဓိပ္ပာယ်ရသည့်အတွက် ငါးကိုသုံးလျှင် ၎င်းကို သုံးရသည်။

(၄) These students are hard - working.
Pelajar - pelajar itu rajun. (Reduplication)
(Students) these (hard-working)

(pelajar = ကျောင်းသား၊ pelajar - pelajar = students)

orang = လူ orang - orang = လူများ

kerata = ကား kereta - kereta = ကားများ

အများကို အင်္ဂလိပ်စာလုံးကဲ့သို့ ‘S’ ကို မသုံးဘဲ နာမ် နှစ်လုံး ထပ်သုံးခြင်း ဖြစ်သည်။

## နာမ်စား (PRONOUN)

**DEMONSTRATIVE PRONOUN**

မလေးရှားစာ/စကား (Bahasa Malaysia) တွင် ပြညွှန်းသော နာမ်စားအနေနှင့် စာလုံးနှစ်လုံးသာ ရှိသည်။ INI(ဤအရာ) နှင့် ITU (ထိုအရာ) တို့ ဖြစ်သည်။ INI သည် This နှင့် These အတွက် ဖြစ်ပြီး၊ ITU သည် That နှင့် Those အတွက် ဖြစ်သည်။ ဤနေရာ၌လည်း SINGULAR (အနည်း) နှင့် PLURAL (အများ) ကြား၌ ကွဲပြားမှုမရှိကြောင်း တွေ့ရသည်။

## COPULATIVES (အဆက်အစပ်ဖြစ်သော)

အင်္ဂလိပ်စာ၌ ကတ္တားနှင့် ကိရိယာတို့ ဆက်သော စကားလုံး copula များ၊ am, is, are, was, were များအား၊ မလေးရှားစာ၊ စကားတွင် သာမန်အားဖြင့် ဖော်ပြခြင်း မရှိပါ။

ဥပမာ။ (၁) I am a student

Saya pelajar (pelajar = student)

(၂) This is a book.

Ini buku (buku = book)

(၃) That is a chair.

Itu kerusi. (kerusi = chair)

(၄) These are pictures.

Ini gambar. (gamber = picture)

(၅) Those are lamps.

Itu lampu. (lampu = lamp)

## (၄) စာလုံးပြောင်းလဲမှုများ

မလေးဘာသာစကား (BAHASA MALAYSIA) တွင် စာလုံးတစ်လုံးသည် နာမ် (NOUN) ဘဝမှ ကြိယာ (VERB) ဘဝသို့ ပြောင်းလဲမှုများ ရှိသည်။

မူလနာမ်အဖြစ် ရပ်တည်နေသောစာလုံးအား၊ ၎င်းစာလုံးရှေ့မှ (Prefix) Me, Men, Mem, Meng စသော စာလုံးများ ထည့်ခြင်းအားဖြင့် မူလနာမ်သည် ကြိယာ (Verb) အဖြစ်သို့ ရောက်ရှိသွားသည်။

၎င်းအပြင် တချို့စာလုံးများ မူလစာလုံးအတိုင်း မဟုတ်ဘဲ ဗျည်းတချို့ပါ ပြောင်းလဲသွားသည်ကို တွေ့ရသည်။

| နာမ် (NOUN)<br>အင်္ဂလိပ် – မလေး | ကြိယာ (VERB)<br>အင်္ဂလိပ် – မလေး |
|---|---|
| ၁။ fire - api<br>(မီး) | - to incite - mengapi<br>(မီးရှို့သည်) |
| ၂။ net - jala<br>(ပိုက်ကွန်) | - to cast net - menjala<br>(ကွန်ပစ်သည်) |
| ၃။ shoe - kasut | - to strike with - mengasut<br>shoe (ဖိနပ်ဖြင့် ကန်သည်) |

၄။ fan - kipas (ယပ်တောင်) - to fan - mengipas (ယပ်ခပ်သည်)

၅။ chopper - porang (ပုဆိန်အတို) - to chop or slash - memarang (ခုတ်ဖြတ်သည်)

၆။ sword - padang - to slash/to cut - memedang (လှီးဖြတ်သည်)

၇။ roof - atap - to put up roof - mengatap (အမိုးမိုးသည်)

၈။ cane - rotan (ကြိမ်လုံး) - to cone - merotan (ကြိမ်ဖြင့်ရိုက်သည်)

၉။ plane - ketam (ရွေပေါ်) - to plane - mengetam (ရွေပေါ်ထိုးသည်)

၁၀။ wind - angin (လေ) - to expove to wind - mengangin (လေသလပ်ထားသည်)

၁၁။ nail - paku (သံ) - to nail - memaku (သံရိုက်သည်)

၁၂။ saw - gergaji (လွှ) - to saw - menggergaji (လွှတိုက်သည်)

၁၃။ snare - jerat (ကျော့ကွင်း) - to snare - menjerat (ကျော့ကွင်းထောင်ဖမ်းသည်)

၁၄။ plough - tenggala (ထွန်) - to plough - menenggala (ထွန်ယက်သည်)

၁၅။ brush - berus (ဝက်မှင်ဘီး) - to brush - menberus (ဖြီးသည်)

၁၆။ oar - dayung (လှော်တက်) - to row - mendayung (လှော်ခတ်သည်)

၁၇။ pole - galah (တိုင်၊ ဝါး) - to pole - menggalah (ထိုးဝါးထိုးသည်)

၁၈။ ladle - senduk (ဇွန်းကြီး) - to ladle - menyenduk (ဇွန်းနှင့် ခပ်သည်)

၁၉။ axe (ပုဆိန်) - to hack - mengapak (ခုတ်သည်)

၂၀။ cigarette - rokok (စီးကရက်) - to smoke a cigarette - merokok (စီးကရက်သောက်သည်)

## ၅။ (က) အမှတ်စဉ်ရေတွက်ခြင်း (COUNT NUMBER) (NOMBER BILANGAN)

| | အင်္ဂလိပ် (ENGLISH) | မလေးရှား (MALAYSIA) | |
|---|---|---|---|
| 1. | One | satu | - ဆပ်တူး |
| 2. | Two | Dua | - ဒူးအား |
| 3. | Three | Tiga | - တီဂါး |
| 4. | Four | Empat | - အမ်ပတ် |
| 5. | Five | Lima | - လီမား |
| 6. | Six | Enam | - အနန်းမ် |
| 7. | Seven | Tujuh | - တူဂျိုးဟ် |
| 8. | Eight | Lapan | - လာပန်း |
| 9. | Nine | Sembilan | - ဆင်မ်ဘီလန်း |
| 10. | Ten | Sepuluh | - ဆက်ပူလူးဟ် |
| 11. | Eleven | sebelas | - ဆက်ဘလပ်စ် |
| 12. | Twelve | Duabelas | - ဒူအားဘလပ်စ် |
| 13. | Thirteen | Tigabelas | - တီဂါးဘလပ်စ် |
| 14. | Fourteen | Empatbelas | - အမ်ပတ်ဘလပ်စ် |
| 15. | Fifteen | Limabelas | - လီမားဘလပ်စ် |

16. Sixteen Enambelas - အနန်းမ်ဘလပ်စ်
17. Seventeen Tujuhbelas - တူဂျိူးဟ်ဘလပ်စ်
18. Eighteen - 18 Lapanbelas - လာပန်းဘလပ်စ်
19. Nineteen - 19Sembilanbelas-ဆင်မ်ဘီလန်းဘလပ်စ်
20. Twenty - 20 Duapuluh - ဒူအားပူလူးဟ်
30. Thirty Tigapuluh - တီဂါးပူလူးဟ်
40. Forty Empatpuluh - အမ်ပတ်ပူလူးဟ်
50. Fifty Limapuluh - လီမားပူလူးဟ်
60. Sixty Enampuluh - အနန်းမ်ပူလူးဟ်
70. Seventy Tujuhpuluh - တူဂျိူးဟ် ပူလူးဟ်
80. Eighty Lapanpuluh - လာပန်းပူလူးဟ်
90. Ninety Sembilanpuluh - ဆင်မ်ဘီလန်းပူလူးဟ်
100. Hundred Seralus - ဆယ်ရာတို့စ်
1000. Thousand Seribu - ဆယ်ရီဘူး
1000000 Million Sejuta - ဆယ်ဂျူးတ

ဥပမာများ –

26 - Dua puluh enam (ဒူအားပူလူးဟ် အနန်းမ်)
35. - Tiga puluh lima (တီဂါးပူလူးဟ် လီမား)
47 - Empat puluh tujuh (အမ်ပတ်ပူလူးတူဂျိူးဟ်)
50 - Lima puluh sembilan (လီမားပူးလူးဟ် ဆင်မ်ဘီလန်း)
68 - Enam puluh lapan(အနန်းမ်ပူလူးဟ် လာပန်း)
71 - Tujuh puluh satu (တူဂျိူးဟ်ပူလူးဟ် ဆပ်တူး)
82 - Lapan puluh dua (လာပန်းပူလူးဟ်ဒူအား)
94 - Sembilan puluh empat (ဆင်မ်ဘီလန်းပူးလူးဟ် အမ်ပတ်)

603 - Enam ratus tiga (အနန်းမ် ရာသို့စ် တီဂါး)
3548 - Tiga ribu lima ratus empat puluh Lapan (တီဂါးရိဘူး လီမားရာသို့စ် အမ်ပတ်ပူလူ့ဟ်လာပန်း)
0 (ZERO) - Kosong (ကိုဆုန်း / ဆောင်း)

**မှတ်ချက်** ။ အင်္ဂလိပ်ဝေါဟာရ ဂဏန်းအား စာဖြင့် ရေးရာတွင် Five hundred and twentyseven (527) ဟု and ထည့်ရေးသော်လည်း မလေးရှားစာပေ၌ and ထည့်ရေးခြင်း မရှိပါ။
Lima ratus dua puluh tujuh (လီမား ရာသို့စ် ဒူအား ပူလူးဟ် တူဂျိုးဟ်) ဟုသာ ရေးသည်။

## (ခ) အချိန် – နာရီ (TIME)

pukul = to strike (ထိုးသည်၊ ရိုက်သည်) (နာရီ)
minit = minute (မိနစ်)

| **မြန်မာ/အင်္ဂလိပ်** | | **မလေး/ အသံထွက်** |
|---|---|---|
| တစ်နာရီ | – one o'clock | – pukul satu (ပူကူးလ်ဆပ်တူ) |
| ငါးနာရီ | – five o'clock | - pukul lima (ပူကူးလ်လီမား) |
| နှစ်နာရီခွဲ | – half past two | – pukul dua setengah (ပူကူးလ် ဒူအား ဆက်တင်ငါး) |
| သုံးနာရီတစ်ဆယ့်ငါးမိနစ် | – a quarter past three | – pukul tiga suku (ပူကူးလ် တီဂါး စူကူး) |
| ငါးနာရီထိုးရန် တစ်ဆယ့်ငါးမိနစ် | – a quater to five | – pukul empat tiga suku (ပူကူးလ်အမ်ပတ်တီဂါး စူကူး) |

သုံးနာရီတစ် ဆယ်မိနစ် – ten minutes past three – pukul tiga sepuluh minit (ပူကူးလ် အမ်ပတ် တီဂါး ဆက်ပူလူးဟ် မိနစ်)

နံနက်ငါးနာရီ – five a.m - pukul lima pagi (ပူကူးလ် လီမား ပါဂီ)

နေ့တစ်နာရီ – one p.m – pukul satu tengah hari (ပူကူးလ်ဆပ်တူတင်ငါး ဟာရီ)

* ညနေလေးနာရီ – four p.m – pukul empat petang (ပူကူးလ် အမ်ပတ် ပက်တန်း)

| | | |
|---|---|---|
| pagi | = | နံနက် |
| petang | = | ညနေ |
| malam | = | ည |
| tengah hari | = | နေ့တစ်ဝက် |
| hari | = | နေ့ |

## (ဂ) အပိုင်းကိန်းများ (FRACTIONAL NUMBER) (BILANGAN PECAHAN)

| | | |
|---|---|---|
| $\frac{၁}{၂}$ တစ်ဝက် | Half | Setengah (ဆက်တင်ဂါးဟ်) |
| ၁$\frac{၁}{၂}$ | One and a half | Satu setengah (ဆပ်တူး ဆက်တင်ဂါး |
| $\frac{၁}{၃}$ | One third | Seper - tiga (ဆက်ပယ်ရ် တီဂါး) |
| $\frac{၁}{၄}$ | One fourth | Seper - empat (ဆက်ပယ်ရ် အမ်ပတ်) |

$\frac{၃}{၄}$ Three fourth — Tiga per-empat (တီဂါး ပယ်ရ်အမ်ပတ်)

## (ဃ) ဒသမကိန်း
**(DECIMAL POINT) - (PERPCILUHAN)**

၂.၃ Two point three - Dua perpuluhan tiga (ဒူအား ပယ်ရ်ပူလူဟာန်း တီဂါး)

၇.၂၅ Seven point two five - Tujuh perpuluhan dua lima (တူ ဂျူးဟ် ပယ်ရ်ပူလူ ဟာန်း ဒူအား လီမား)

၁၆.၀၁၄ Sixteen point zero one four - Enambelas perpuluhan kosong satu empat (အနန်းမ် ဘလပ်စ် ပယ်ရ်ပူ လူဟာန်း ကိုဆုန်း ဆပ်တူ အမ်ပတ်)

## (င) ရာခိုင်နှုန်း (Percent %) (Peratus - ပယ်ရ်ရာတို့စ်)

၅ %°°Five percent - Lima peratcus (လီမားပယ်ရ်ရာတို့စ်)

၃၅ % Thirty five percent - Tiga puluh° lima peratus (တီဂါး ပူးလူးဟ် လီမား ပယ်ရာတို့စ်)

၁၂ % Twelve and a half percent - Dua belas setengah peratus (ဒူအား ဘလပ်စ် ဆက်တင်ငါး ပယ်ရာတို့စ်)

## (စ) နေ့ရက်များ (DAYS)

Sunday - Hari Ahad (ဟာရီအာဟတ်ဒ်)
Monday - Hari Isnin (ဟာရီအစ်နင်းန်)
Tuesday - Hari Selesa (ဟာရီဆယ်လက်စား)
Wednesday - Hari Rabu (ဟာရီ ရာဘူး)
Thursday - Haris Khamis (ဟာရီ ခါမိစ်)
Friday - Hari Jumaat (ဟာရီ ဂျူမားအတ်)
Saturday - Hari Sabtu (ဟာရီ ဆပ်တူ)
Hari = နေ့ (DAY)

## (ဆ) အရပ်မျက်နှာများ (DIRECTIONS)

အရှေ့ – East - Timur (တီမိုးရ်)
အနောက် – West - Barat (ဘာရတ်)
တောင် – South - Seletan (ဆယ်လက်တန်)
မြောက် – North - Utara (ဥတားရား) (ဥတ္တရ)
အရှေ့ဘက် – Front - Depan (ဒပန်း)
* အနောက်ဘက် – Back - Belakang (ဘယ်လက်ကန်း)
* လက်ယာ (ညာ) – Right - Kanan (ကာနန်း)
* လက်ဝဲ (ဘယ်) Left - Left -Kirl (ကီရီး)

*

# အပိုင်း (၂)

# လက်တွေ့စကားအသုံးအနှုန်းများ

# (Practical Expressions)

**(UCAPAN - UCAPAN PRAKTIS)**

၁။ ဟုတ်ကဲ့

Yes.

Ya.

(ယား)

၂။ မဟုတ်ပါ

No.

Tidak.

(သာဒါး)

၃။ ဖြစ်ကောင်းဖြစ်နိုင်တယ်

May be, perhaps.

Barangkali.

(ဘာရန်းကာလီ)

၄။ ဖြစ်နိုင်တယ်

Possible.

Boleh jadi.

(ဘိုလေးဂျာဒီး)

၅။ ကျွန်ုပ်မသိပါ

I don't know.

Saya tidak tahu.
(ဆာယား သာသောက်)

၆။ ဒါဖြစ်နိုင်တယ်
It's possible.
Mungkin.
(မွန်ကင်း)

၇။ ဒါမဖြစ်နိုင်ဘူး
It's impossible.
Mustahil.
(မူစတာဟီးလ်)

၈။ အကျိုးအကြောင်းညီညွတ်ပါတယ်
It's reasonable.
Manasabah
(မာနာဆာဘား)

၉။ အသေအချာပေါ့
Certainly.
Tentu sekali.
(တင်တူး ဆိကာလီ)

၁၀။ သိပ်ဟုတ်တာပေါ့
Of course.
Tentu saja.
(တင်တူးဆာဂျား)

၁၁။ ဒါမှန်တယ်
That's right.
Itu benar.
(အစ်တူး ဘီနား)

၁၂။ ဒါမမှန်ဘူး
That's wrong.

Itu salah.

(အစ်တူးဆာလား)

၁၃။ ဒါအမှန်မဟုတ်ဘူး

That's not true.

Itu tidak benar.

(အစ်တူး သာဒါး ဘီနား)

၁၄။ မင်းမှန်ပါတယ်

You are right.

Anda benar.

(အန်ဒါး ဘီနား)

၁၅။ မင်းမှားတယ်

You are wrong.

Anda salah.

(အန်ဒါး ဆာလား)

၁၆။ ကျွန်တော်မျှော်လင့်ပါတယ်

I hope so.

Saya harap begitu.

(ဆာယား ဟာရပ် ဘီဂစ်တူ)

၁၇။ ကျွန်တော်ထင်ပါတယ်

I think so.

Saya fakir begitu.

(ဆာယား ဖာကီး ဘီဂစ်တူ)

၁၈။ မ**...** သေး (မဖြစ်သေး) (မလုပ်သေး)

Not yet.

Belum lagi (Belum).

(ဘလွန်း လာဂီ) (ဘီလွန်း)

၁၉။ ကောင်းပါပြီခင်ဗျာ

All right, Sir.
Baiklah, Encik.
(ဘိုက်လား အန်းချစ်)

၂၀။ ညာဘက်ကို
To the right.
Ke sebelah kanan.
(ကယ်ဆယ်အယ်လား ကာနန်း)

၂၁။ ညာလှည့်/ ညာကွေ့
Turn right
Pusing kanan.
(ပူဆင်း ကာနန်း)

၂၂။ ညာကိုကွေ့ပါ
Turn to the right.
Pusing ke sebelah kanan.
(ပူဆင်း ကီ ဆီဘီလား ကာနန်း)
[ဘယ်ဘက်ဆိုလျှင် Kanan (ညာ) နေရာ၌ Kiri (ဘယ်) ကို သုံးရမည်]

၂၃။ ကယ်ပါကယ်ပါ
Help! Help!
Tolong! Tolong!
(သိုလွန်း သိုလွန်း)

၂၄။ ကျေးဇူးပြု၍
Please.
Silakan.
(ဆီလာကန်း)

၂၅။ ကျေးဇူးပြုပြီးဝင်ခဲ့ပါ
Please come in. (Come in, please)

Silakan masuk.
(ဆီလာကန်း မာဆွတ်က်)

၂၆။ ကျေးဇူးပြု၍ထိုင်ပါ
Please sit down. (Sit down, please)
Silkan duduk.
(ဆီလာကန်း ဒိုးဒုတ်)

၂၇။ တစ်ခါထပ်ထိုင်ပါဦး
Please sit down again.
Sila mulakan.
(ဆီလားကန်း ဒိုးဒုတ် ကင်မ်ဘာလီး)

၂၈။ စတင်နိုင်ပါပြီခင်ဗျာ။
Please beging. (Begin, please)
Sila mulakan.
(ဆီလား မူလကန်)

၂၉။ ဒီကိုလာခဲ့ပါ
Please come here!
Marilah ke mari
(မာရေးလား ကယ် မာရေး)

၃၀။ ကျေးဇူးပြုပြီး တံခါးဖွင့်လိုက်ပါ
Please open the door.
Tolong buka pintu itu.
(သိုလွန်း ဘူက ပင်သု အစ်တူ)

၃၁။ ခဏလေးစောင့်ပါ
Please wait a moment.
Tolong tunggu sebentar.
(သိုလွန်း တွန်ဂူး ဆီဘာတား)

၃၂။ wait a moment.
Tunggu sekejab

(တွန်ဂူး ဆီကာဂျပ်)

၃၃။ ပျော်ပျော်နေစမ်းပါ

Please be happy.

Gembirakan hatimu.

(ဂင်ဘီရာကန်း ဟာသီးမူ)

၃၄။ ဝမ်းနည်းပါတယ်

Sorry.

Maaf.

(မအပ်ဖ်)

၃၅။ ငါနောက်ကျတာ ခွင့်လွှတ်ပါ

Sorry, I'm late.

Maaf, saya terlambat.

(မအပ်ဖ် ဆာယား တာလမ်းဘတ်)

၃၆။ ခွင့်ပြုပါခင်ဗျာ

Excuse me.

Maafkan saya.

(မအပ်ဖ်ကန်း ဆာယား)

၃၇။ ကောင်းသောနံနက်ခင်းပါ

Good morning.

Selamat pagi.

(ဆလာမတ် ပါဂီ)

နေ့လယ် = afternoon = Petang (ပက်တန်း)

ည = night = malam (မလမ်း)

၃၈။ ကျေးဇူးတင်ပါတယ်။

Thank you.

Terima kasih.

(တာရိးမား ကာဆိး)

၃၉။ ကျေးဇူးအများကြီးတင်ပါတယ်။

Thank you very much.

Terima kasih banyak.

(တာရိးမား ကာဆိး ဘာညား)

၄၀။ အထဲဝင်ပါ။

Come on in!

Mari masuk!

(မာရေး မာဆွတ်)

၄၁။ ဝင်မလာပါနဲ့။

Don't come in.

Jangan masuk.

(ဂျာငန်း မာဆွတ်)

၄၂။ ဒီမှာအိပ်ပါ။

Sleep here.

Tidurlah di sini.

(သိဒိုးလား ဒီ ဆိနိ)

၄၃။ ဘယ်သွားမလို့လဲ။

Where you go.

Mana pergi.

(မာနာ ပယ်ရ်ဂိ)

၄၄။ လမ်းလျှောက်ကြစို့။

Let's take a walk!

Mari kita pergi jalan-jalan!

(မာရေး ကီတ ပိဂိ ဂျလန်း–ဂျလန်း)

၄၅။ စစ်တုရင်ကစားရအောင်။

Let's play chess!

Mari kita bermain catur!
(မာရေး ကီတ ဘာမာအင်း ချာသိုး)

၄၆။ ကျွန်တော့်စကားနားထောင်ပါ။
Please listen to me.
Sila dengar kepada saya.
(ဆီလား ဒင်ဂါး ကီပဒ ဆာယား)

၄၇။ ကျေးဇူးပြုပြီး သွားပါခင်ဗျာ။
Please go away.
Pergilah.
(ပယ်ရ်ဂီလား)

၄၈။ ငါတစ်ယောက်တည်းနေပါရစေ။
Leave me alone.
Biarkan saya sendirian.
(ဘိုင်ရာကန်း ဆာယား ဆင်ဒီရီရန်း)

၄၉။ သည်းခံပါခင်ဗျာ။
I beg your pardon.
Maafkan saya.
(မအပ်ဖ်ကန်း ဆာယား)

၅၀။ ငါ မင်းကို ခွင့်လွှတ်ပါတယ်။
I have forgive you.
Saya telah memaafkan anda.
(ဆာယား တီလား မင်မအပ်ဖ်ကန်းအန်ဒါး)

၅၁။ ဘယ်ကလာတာလဲ။
Where do you come from?
Dari mana anda berasal?
(ဒါရီ မာနား အန်ဒါး ဘာရ်ဆားလ်)

၅၂။ ငါ ပီနန်ကလာတာပါ။
I come from Penang.

Saya berasal dari Penang.
(ဆာယား ဘာရ်ဆားလ် ဒါရီ ပီနန်)

၅၃။ ဘာများသောက်ချင်ပါသလဲ။
What do you want to drink?
Anda injin minum apa?
(အန်ဒါး အင်ဂျင်း မီနွန်း အပါး)

၅၄။ ကျွန်တော် ကော်ဖီသောက်ချင်ပါတယ်။
I want to drink coffee.
Saya injin minum kopi.
(ဆာယာ အင်ဂျင်း မီနွန်း ကော်ပီ)

၅၅။ တစ်ခုခုသောက်ကြရအောင်။
Let us have a drink.
Mari kita pergi minum.
(မာရေး ကီတား ပီဂီ မီနွန်း)

၅၆။ ငါ အသားကင်စားရတာ ကြိုက်တယ်။
I am fond of eating satay.
Saya suka makan satay.
(ဆာယား ဆူခ မကန်း ဆာတေး)

၅၇။ လက်ဖက်ရည်သောက်လိုက်ပါဦး။
Please have your tea.
Silakan minum teh.
(ဆီလားကန်း မီနွန်း တေး)

၅၈။ မင်းလာတဲ့အတွက် ကျေးဇူးတင်ပါတယ်။
Thank you for your coming.
Terima kasih atas kedatangan anda.
(တီရီးမား ကာဆိ အတပ်စ် ကီဒါတန်းဂန်း အန်ဒါး)

၅၉။ ငါ့ကို 'ပီဂျေ' ကို ပို့ပေးပါ။
Please take me to P.J.

Hantarkan syay ke P.J.
(ဟန်တားကန်း ဆာယား ကီ 'ပီဂျေ')

၆၀။ ငါ့ကို ဟိုတယ်ကို ပို့ပေးပါ။
Take me to the hotel.
Hantar saya ke hotel.
(ဟန်တား ဆာယား ကီ ဟိုတယ်)

၆၁။ ခွင့်ပြုပါ။ ကျွန်တော် ယခုသွားရပါမယ်။
Excuse me, I must be going now.
Maaf, saya mesti pergi sekarang.
(မအပ်ဖ် ဆာယား မက်စ်တီပယ်ရ်ဂီ ဆက်ကရင်း)

၆၂။ ကျွန်တော် မကြာခင်ပြန်လာမယ်။
I'll be back soon.
Saya akan segera kembali.
(ဆာယား အကန်း ဆက်ဂရား ကင်မ်ဘာလီး)

၆၃။ ခေါင်းညှပ်ဆိုင်ဘယ်မှာလဲ။
Where the barbershop?
Di mana kedai gunting rambut?
(ဒီမာနာကဒိုင်း ဂွန်တင်း ရမ်ဘွတ်)

၆၄။ ကျွန်တော် ဟိုတယ်သေးသေးပဲ လိုချင်တယ်
I want just a small hotel.
Saya ingin hotel kecil saja.
(ဆာယား အင်ဂင်း ဟော်တယ် ကကျင်းလ် ဆာဂျား)

၆၅။ ဒီအခန်းက ကျဉ်း (ကျယ်) လွန်းတယ်။
This room is too small. (large)
Bilik ini terlalu kecil. (beser)
(ဘီလစ် အိနိ တာလာလူး ကကျင်းလ်/ဘက်ဆား)

၆၆။ တည်းခိုခန်းခ တစ်နေ့ဘယ်လောက်လဲ။
What is the rate per day?

Berapa sewanya sehari?
(ဘရားပါး ဆဲဝည ဆီဟာရီး)

၆၇။ ကျွန်တော်တစ်ပတ်လောက်နေမယ်။
I will stay a week.
Saya akan tinggal seminggu.
(ဆာယား အကန်း တင်ဂါးလ် ဆီမင်ဂူး)

၆၈။ ကျွန်တော် အခန်းထဲမှာပဲ စားပါမယ်။
I'll eat in my room.
Saya akan makan dalam bilik saya.
(ဆာယား အကန်း မကန်း ဒါလမ်း ဘီလစ် ဆာယား)

၆၉။ မင်းဘယ်အချိန်အိပ်သလဲ။
When do you go to bed?
Bilakah anda tidur?
(ဘီလားကား အန်ဒါး သီဒိုး)

၇၀။ ငါ သူ့ကိုသိပါတယ်။
I know him.
Saya tahu anda.
(ဆာယား သောက် အန်ဒါး)

၇၁။ ဒီနေရာမှာ ဆေးလိပ်မသောက်ပါနဲ့။
Don't smoke here.
Jangan meroko di sini.
(ဂျာငန်း မယ်ရိုကော့ ဒီ ဆီနီး)

၇၂။ ဒီမှာ အမှိုက်မပစ်ပါနဲ့။
Don't throw rubbish here.
Jangan membuang sampah di sini.
(ဂျာငန်း မင်ဖ်ဘွမ်း ဆင်မ်ပါး ဒီ ဆီနီး)

၇၃။ စကားကျယ်ကျယ်မပြောပါနဲ့။
Don't speak loudly.

Jangan bercacap kuat.

(ဂျာငန်း ဘာချကပ် ကူဝပ်)

၇၄။ ကျေးဇူးပြုပြီး အိပ်ရာပေါ်မှာ အိပ်ပါ။

Please sleep on the bed.

Tidurlah di tempat tidur.

(သီဒိုးလား ဒီ တင်မ်ပတ် သီဒိုး)

၇၅။ ဒီစာလေး ပို့ (ထည့်) ပေးပါ။

Please send this lettle.

Tolong kirinkan surat ini.

(သိုလွန်း ကီရင်းကန်း ဆူရတ် အိနိ)

၇၆။ ဗီဆာလိုပါသလား။

Do I need visa?

Adakah saya perlu visa?

(အဒါးကား ဆာယား ပါလူး ဗီဆာ)

၇၇။ ကျေးဇူးပြုပြီး ပတ်စ်ပို့ခဏလောက်ပြပါ။

Please show me your passport.

Cuba tunjukkan paspot anda.

(ချူ ဘား တွန်ဂျုတ်ကန် ပတ်စ်ပို့ အန်ဒါး)

၇၈။ ကျွန်တော့် ပတ်စ်ပို့ ပျောက်သွားပါတယ်။

I have lost my passport.

Saya kehi langan paspot saya.

(ဆာယာ ကယ်ဟီး လန်ဂန်း ပတ်စ်ပို့ ဆာယား)

၇၉။ ကျွန်တော် ဒီမှာ နေခွင့်ရနိုင်မလား။

Must I get a permit to stay?

Perlukah saya dapat izin untuk tinggal?

(ပါလူကား ဆာယား ဒပတ်အီဇင်း အွန်တွတ် တင်ဂါးလ်)

၈၀။ ဒီမှာ ဘယ်လောက်ကြာကြာနေခွင့်ရမလဲ။

How long can I stay here?
Berapa lama saya boleh tinggal disini?
(ဘရားပါး လာမား ဆာယား ဘိုလေး တင်ဂါးလ် ဒီဆိနီ)

၈၁။ ကျွန်တော် ရဲကိုသတင်းပို့ရမလား။
Should I report to the Police?
Perlukah saya laporkan kepada polis?
(ပါလူကား ဆာယား လာပေါကန်း ကယ်ပါဒါး ပိုလိစ်)

၈၂။ အကောက်ခွန် ဘယ်မှာပါလဲ။
Where is the customs office?
Di manakah pejabat kastam?
(ဒီ မာနားကား ပယ်ဂျာဘတ် ကတ်စ်တမ်)

၈၃။ မင်းမှာ ကင်မရာရှိသလား။
Do you have a camera?
Anda ada kamerakah?
(အန်ဒါး အာဒါး ကင်မရာကား)

၈၄။ ကျွန်တော် ဖလင်ဝယ်လို့ရမလား။
Can I buy a film?
Bolehkah saya membeli filem?
(ဘိုလေးကား ဆာယား မင်မ်ဘယ်လီ ဖီလင်)

၈၅။ မင်းမှာ အိမ်ထောင်ရှိသလား။
Are you married?
Anda sudah kahwinkah?
(အန်ဒါး ဆူဒါး ကာဝင်းကား)

၈၆။ ဟုတ်ကဲ့၊ ရှိပါတယ်။
Yes, I am.
Ya, sudah.

(ယား၊ ဆူဒါး)
၈၇။ ကျွန်တော်လူပျိုပါပဲ။
I'm still single.
Saya masih bujang.
(ဆာယား မာဆိး ဘူဂျန်း)
၈၈။ ကျွန်တော် အိမ်ထောင်မရှိပါဘူး။
I'm not married.
Saya belum kahwin.
(ဆာယား ဘလွန်း ကာဝင်း)
၈၉။ သူ ဘယ်တုန်းကအိမ်ထောင်ပြုတာလဲ။
When did he get married?
Bila dia kahwin?
(ဘီလား ဒီယား ကာဝင်း)
၉၀။ သူအိမ်ထောင်ကျတာ ဆယ်နှစ်ရှိပါပြီ။
He got married ten years ago.
Dia kahwin sepuluh tahun yang lalu.
(ဒီယား ကာဝင်း ဆိပူလူး တာဟွန်း ယန်းလာလူး)
၉၁။ ငါဈေးသွားမယ်။
I go to bazaar.
Saya pergi kepasar.
(ဆာယားပယ်ရ်ဂီကယ်ပါဆား)
[Pasar malam (ပါဆာမလမ်း)= ညဈေး]
၉၂။ ဒါဘယ်လောက်လဲ။
How much?
Ini berapa?
(အိနိ ဘာရာပါ)
၉၃။ ကျွန်တော်တို့သွားကြစို့။

Let us go!
Marilah kita pergi!
(မာရေးလား ကီတားပယ်ရ်ဂီ)

၉၄။ တို့အတူသွားကြစို့။
Let's go together.
Marilah kita pergi bersama-sama.
(မာရေးလား ကီတ ပယ်ရ်ဂီ ဘာဆမ ဆမ)

၉၅။ တယ်ဈေးကြီးပါလား။
Very expensive.
Sangat mahal.
(ဆာငတ် မဟားလ်)

၉၆။ သူ အိမ်မှာရှိသလား။
Is he at home?
Adakah dia di rumah?
(အဒါးကား ဒီယာ ဒီ ရူးမား)

၉၇။ ဟုတ်ကဲ့၊ သူရှိပါတယ်။
Yes, he is at home.
Ya, dia ada.
(ယား ဒီယာ အာဒါး)

၉၈။ မင်းဘာလုပ်နေသလဲ။
What are you doing?
Anda sedang buat apa?
(အန်ဒါး ဆက်ဒန်း ဘဝပ် အပါး)

၉၉။ ကျွန်တော် စာရေးနေပါတယ်။
I am writing.
Saya sedang menulis.
(ဆာယား ဆက်ဒန်း မင်နူလစ်)

၁၀၀။ မင်း ဘယ်သူ့ဆီစာရေးတာလဲ။
Who are you writing to?
Kepada siapa anda menulis surat?
(ကယ်ပါဒါး ဆီအပါး အန်ဒါး မင်နူလစ် ဆူရတ်)

၁၀၁။ ကျွန်တော့်သူငယ်ချင်းဆီ ရေးတာပါ။
I am writing a letter to my friend.
Saya menulis surat kepada teman saya.
(ဆာယား မင်နူလစ် ဆူရတ် ကယ်ပါဒါး တယ်မန်း ဆာယား)

၁၀၂။ မင်း မနေ့က ဘယ်သွားလဲ။
Where did you go yesterday?
Anda pergi ke mana semalam?
(အန်ဒါး ပယ်ရ်ဂီ ကယ် မာနာ ဆယ်မာလမ်း)

၁၀၃။ ငါ စင်ကာပူသွားပါတယ်။
I went to Singapore.
Dia pergi ke Singapura.
(ဒီယား ပယ်ဂီကယ် စင်ဂပူရ)

၁၀၄။ ဂျွန်မလာသေးဘူး။
John has not come yet.
John belum datang lagi
(ဂျွန် ဘလွန်း ဒါတန်း လာဂီ)

၁၀၅။ မင်းအိမ်ကို ဘယ်အချိန်ရောက်သလဲ။
What time did you get home?
Pukul berapa anda sampai dirumah?
(ပူကူးလ် ဘရားပါး အန်ဒါး ဆမ်ပိုင်း ဒီရူးမား)

၁၀၆။ ငါ ရှစ်နာရီရောက်ပါတယ်။
I got home at eight o' clock.

Saya sampai di rumah pukul lapan.
(ဆာယား ဆမ်ပိုင်း ဒီရူးမားပူကူးလ်လာပန်း)

၁၀၇။ မင်းတစ်ယောက်တည်းသွားတာလား။
Did you go alone?
Adakah anda pergi sendirian?
(အဒါးကား အန်ဒါး ပယ်ရ်ဂီ ဆင်ဒီးရီးယန်း)

၁၀၈။ မဟုတ်ဘူး၊ ငါ သူငယ်ချင်းနဲ့သွားတာပါ။
No, I didn't I went with my friend.
Tidak, saya pergi dengan teman saya.
(သာဒ ဆာယား ပယ်ရ်ဂီဒင်ဂင်းန် တီမန်း ဆာယား)

၁၀၉။ မင်း ငါ့ကိုစောင့်နေတာ ဘယ်လောက်ကြာပြီလဲ။
How long have you been wating for me?
Sudah berapa lama anda menunggu saya?
(ဆူဒါး ဘရားပါး လာမား အန်ဒါး မယ်နွန်ဂူး ဆာယား)

၁၁၀။ ငါမင်းကိုစောင့်တာ နှစ်နာရီရှိပါပြီ။
I have been wating for you for two hours.
Saya telah menunggu anda dua jam.
(ဆာယား တီလား မယ်နွန်ဂူး အန်ဒါး ဒူးဝါး ဂျင်မ်)

၁၁၁။ မင်းအခုဘယ်သွားမလို့လဲ။
Where are you going now?
Anda mahu ke mana sekarang?
(အန်ဒါး မောက် ကယ်မာနား ဆက်ကရင်း)

၁၁၂။ ငါရုပ်ရှင်သွားကြည့်မလို့။
I am going to the movies/ pictures.
Saya pergi menonton.
(ဆာယား ပယ်ရ်ဂီ မယ်နွန်တွန်း)

၁၁၃။ အိမ်သာဘယ်မှာရှိပါသလဲ။
Where is the toilet?
Di manakah tandam / tandas?
(ဒီ မာနားကား တင်ဒင်း/ တင်းဒပ်စ်)

၁၁၄။ ကျွန်တော်ဘယ်လောက်ပေးရမလဲခင်ဗျား။
How much do I have to pay, Sir?
Berapa saya harus bayar, Encik?
(ဘရားပါး ဆာယား ဟာရွတ်စ် ဘာယား အန်းချစ်)

၁၁၅။ ချက်လက်မှတ်နဲ့ပေးလို့ရမလား။
Can I pay by cheque?
Bolehkah saya bayar dengan cek?
(ဘိုလေးကား ဆာယား ဘာယား ဒင်ဂင်း ချက်)

၁၁၆။ သူဟာ ပညာတတ်တစ်ယောက်ဖြစ်ပါတယ်။
He's an educated man.
Dia seorang terpelajar.
(ဒီယာ ဆအော်ရန်း တာပီလားဂျား)

၁၁၇။ မရိုင်းပါနဲ့။
Don't be ill- mannered.
Jangan kurang ajar.
(ဂျာငန်း ကူရန်း အဂျား)

၁၁၈။ ငါဘာမှမကြားဘူး။
I hear nothing. (I don't hear anything.)
Saya tak mendengar apa-apa.
(ဆာယား သတ် မင်ဒင်ဂါး အပါး- အပါး)

၁၁၉။ မင်းဖောင်တိန် ခဏငှားနိုင်မလား။
May I borrow your pen?
Boleh saya pinjam pen anda?
(ဘိုလေး ဆာယား ပင်ဂျမ်း ပင်န် အန်ဒါး)

(Borrow= pinjam= ငှား/ချေးယူသည်)

၁၂၀။ ငါသိပ်ကို ကျေနပ်ပါတယ်။

I'm very satisfied.

Saya sangat puas hati.

(ဆာယား ဆာငတ် ပူအပ်စ် ဟာသီး)

၁၂၁။ မင်းလုပ်တာကို ငါကျေနပ်ပါတယ်။

I'm satisfied with your work.

Saya puas hati dengan kerja anda.

(ဆာယား ပူအပ်စ် ဟာသီး ဒင်ဂင်း ကာဂျား အန်ဒါး)

၁၂၂။ သူဟာ အမြဲမကျေမနပ်ဖြစ်နေတာပဲ။ (စောဒကတက်နေတာပဲ)

He's always complaining.

Dia selalu mengeluh.

(ဒီယား ဆီလာလူး မင်ဂီလူး)

၁၂၃။ သတိထား။

Look out.

Lihat hati-hati.

(လီဟတ် ဟာသီး– ဟာသီး)

၁၂၄။ နေရာတိုင်း၊ နေရာတကာ။

Everywhere.

Di mana- mana.

(ဒီမန–မန)

၁၂၅။ မရှိသည့်နေရာ၊ ဘယ်နေရာမှာမှမရှိ။

Nowhere. Not anywhere.

Tidak di mana-mana.

(သာဒါး ဒီ မန–မန)

၁၂၆။ ဟိုနားမှာ။

Over there.
Di sebelah sana.
(ဒီ ဆဗီလား ဆန)

၁၂၇။ ဒီနားမှာ။
Over here.
Di sebelah sini.
(ဒီ ဆဘီလား ဆိနိ)

၁၂၈။ ဘယ်သူရှိသေးလဲ။
Whoelse?
Siapa lagi?
(ဆီအပါး လာဂိ)

၁၂၉။ ဘယ်သူမှမရှိပါဘူး။
Nobody else.
Tak ada siapa-siapa lagi.
(သပ် အာဒါး ဆီအပါး – ဆီအပါး လာဂိ)

၁၃၀။ နေကောင်းရဲ့နော်။
How do you do?
Selamat berkenalan?
(ဆယ်လာမတ် ဘာကနဲလ်လန်း)

၁၃၁။ ရက်အနည်းငယ်လောက်ပါ။
Just for a few days.
Hanya beberapa hari saja.
(ဟားည ဘယ်ဘရာပါး ဟာရီ ဆာဂျား)

၁၃၂။ ဒီတစ်ညပါပဲ။
Just for tonight.
Untuk malam ini saja.
(အွန်တွတ် မာလမ်း အိနိ ဆာဂျား)

၁၃၃။ ငါ မင်းကို နားမလည်ဘူး။

I can't make you out.
Saya tak mengerti anda.
(ဆာယား သပ် မင်ဂါတီး အန်ဒါး)

၁၃၄။ ဟိုဟာဘယ်သူလဲ။
Who is that?
Siapa itu?
(ဆီအပါး အစ်တူ)

၁၃၅။ ဒီဟာဘယ်သူလဲ။
Who is this?
Siapa ini?
(ဆီအပါး အီနီ)

၁၃၆။ အဲဒါ ငါ့စာအုပ်မဟုတ်ဘူး။
That book is not mine.
Buku itu kepunyaan saya.
(ဘုကု အစ်တူ ကီပုံညာအန်း ဆာယား)

၁၃၇။ သူ ဘာစာအုပ်ဖတ်နေတာလဲ။
What is he reading?
Apa yang dibacanya?
(အပါး ယန်း ဒီဘာချားညာ)

၁၃၈။ သူမဂ္ဂဇင်းဖတ်နေပါတယ်။
He is reading a magazine.
Dia sedang membaca majalah.
(ဒီယာ ဆက်ဒန်း မင်မ်ဘာချား မာဂျလား)

| | | | | |
|---|---|---|---|---|
| magazine | = | majalah | = | မဂ္ဂဇင်း |
| newspaper | = | akhbar | = | သတင်းစာ (အက်ဘား) |
| letter | = | surat | = | စာ (ဆူရတ်) |

၁၃၉။ ငါရဲ့နှလုံးသားထဲမှာ။

In my heart.
Di dalam hati saya.
(ဒီ ဒါလမ်း ဟာသိ ဆာယား)

၁၄၀။ ဒီကမ္ဘာကြီးမှာ။
In this world.
Di dunia ini.
(ဒီ ဒူးနီးယား အိနိ)

၁၄၁။ မင်းဟာ မိန်းမလှလေးတစ်ယောက်ပါ။
You are a pretty girl.
Engkau gadis yang cantik.
(အန်ကောင်း ဂါဒစ် ယန်း ကျန်သေ့)

၁၄၂။ မင်းဟာ ငါ့ရဲ့အချစ်ပါ။
You are my beloved.
Engkau cintaku.
(အန်ကောင်း ကျင်သကူ)

၁၄၃။ ငါ မင်းကို ဘယ်တော့မှ မမေ့ပါဘူး။
I can never forget you.
Aku tidak boleh hidup tanpa mu.
(အကူးသာဒ ဘိုလေး ဟီဒွတ်ပ် တန်ပ မူ)

၁၄၄။ ငါမင်းကို ချစ်တယ်။
I love you.
Saya cinta anda.
(ဆာယား ကျင်သ အန်ဒါး)

Cinta = ကျင်သ = Love =ချစ်မြတ်နိုးမှု
Cantik = ကျန်သစ်/သေ့= Pretty = လှပသော

*

# အပိုင်း (၃)

## (၁) အမေးဝါကျများနှင့် အထွေထွေစကားပြော

## ဘာလဲ = What = Apa

၁။ ဒါဘာလဲ။

What's this?

Apa ini?

(အပါး အိနိ)

၂။ ဘာအတွက်လဲ။

What for?

Untuk apa?

(အွန်တွတ် အပါး)

၃။ ကျွန်တော် ဘာလုပ်ပေးရမလဲ။

What can I do for you?

Apa yang boleh saya tolong?

(အပါး ယန်း ဘိုလေး ဆာယား သိုလွန်း)

၄။ ဘာကိုဆိုလိုပါသလဲ။

What do you mean?

Apa maksud mu?

(အပါး မတ်ဆွတ်ဒ် မူ)

၅။ သူ (သူမ) ဘာပြောတာလဲ။

What did he (she) say?

Apa katanya?
(အပါး ကသညာ)

၆။ ဘာအလုပ် လုပ်ပါသလဲ။
What's your job?
Apa pakerjaan anda?
(အပါး ပါကာဂျာအန်း အန်ဒါး)

၇။ ဒီဟာ ဘာကိုဆိုလိုသလဲ။
What does this mean?
Apa ertinya ini?
(အပါး အာတီးညာ အိနိ)

၈။ ဒါ ဘာကိုဆိုလိုသလဲဆိုတာ ငါနားမလည်ဘူး။
I don't understand what it means.
Saya tak mengerti ertinya itu.
(ဆာယား တပ် မင်ဂါတီး အာတီးညာ အစ်တူ)

## (၂) ဘယ်သူလဲ **Who = Siapa**

၁။ သူဘယ်သူလဲ။

Who is it?

Siapa itu?

(ဆီအပါး အီတူ)

၂။ ကျွန်တော်ပါ။

It's me.

Saya.

(ဆာယား)

၃။ ခင်ဗျားအဖေ ဘယ်သူလဲ။

Who is your father?

Siapa ayah anda.

(ဆီအပါး အယား အန်ဒါး)

၄။ မင်းနာမည် ဘယ်လိုခေါ်လဲ။

What's your name?

Siapa namamu?

(ဆီအပါး နာမမူ)

၅။ ဘယ်သူ့ဆီမှာ စက်ဘီးရှိလဲ။

Who has a bicycle?

Siapa ada basikal?

(ဆီအပါး အာဒါး ဘာဆီကယ်)

၆။ ကျွန်တော့်ထံမှာ ရှိပါတယ်။

I have.

Saya ada.

(ဆာယား အာဒါး)

၇။ ကျွန်တော်နဲ့ ဘယ်သူသွားမလဲ။

Who will go with me?

Siapa yang akan pergi bersamaku?

(ဆီအပါး ယန်း အကန်း ပီဂီ ဘာဆမကူ)

၈။ ဘယ်သူတံခါးခေါက်နေသလဲ။

Who is knocking at the door.

Siapa yang mengetuk pintu?

(ဆီအပါး ယန်း မင်ဂီတွတ် ပင်သု)

၉။ ကျွန်တော်ပါ။ ဂျွန်လေ။

It's me, John.

Saya, john.

(ဆာယား ဂျွန်)

၁၀။ ဘယ်သူနောက်ကျသလဲ။

Who is late?

Siapa yang terlambat.

(ဆီအပါး ယန်း တာလမ်ဘတ်)

## (၃) ဘယ်မှာလဲ = Where = Dimana

၁။ ခင်ဗျားဘယ်မှာနေလဲ။

Where do you live?

Anda tinggal dimana?

(အန်ဒါး တင်ဂါးလ် ဒီမာနား)

၂။ ကျွန်တော် ရန်ကုန်မှာ နေပါတယ်။

I live in Yangon.

Saya tinggal di Yangon.

(ဆာယား တင်ဂါးလ် ဒီ ရန်ကုန်)

၃။ ဘယ်လမ်းလဲ။

Which road?

Jalan mana?

(ဂျလန် မာနား)

၄။ အမှတ်ဘယ်လောက်လဲ။

What number?

Nomber berapa?

(နွမ်ဘား ဘရာပါး)

၅။ အမှတ် (၅) ဖြစ်ပါတယ်။

Number five.

Nomber lima.

(နွန်ဗား လီမား)

၆။ ခင်ဗျား ဘယ်အရပ်မှာမွေးသလဲ။

Where were you born?

Di mana anda lahir?

(ဒီ မာနား အန်ဒါး လာဟီး)

၇။ ကျွန်တော် မန္တလေးမှာ မွေးပါတယ်။

I was born in Mandalay.

Saya lahir di Mandalay.

(ဆာယား လာဟီး ဒီ မန္တလေး)

၈။ ဘယ်မှာစာသင်ပါသလဲ။

Where are you studying?

Di mana anda belajar?

(ဒီ မာနား အန်ဒါး ဘီလားဂျား)

၉။ သူ (သူမ) အခု ဘယ်သွားတာလဲ။

Where is he (she) going?

Dia mahu pergi ke mana?

(ဒီယာ မောက် ပယ်ရ်ဂီ ကယ် မာနား)

၁၀။ သူ (သူမ) ဟိုတယ်ကို သွားတာပါ။

He (She) is going to the hotel.

Dia pergi ke hatel.

(ဒီယာ ပယ်ရ်ဂီ ကယ် ဟော်တယ်)

၁၁။ သူတို့ စားသောက်ဆိုင်သွားတာပါ။

They are going to restaurant.

Mereka pergi ke restoran.

(မရက်ကာ ပယ်ရ်ဂီ ကယ် ရက်စ်တောရင်)

## (၄) ဘယ်တော့လဲ = When = Bilakah

၁။ ဘယ်တုန်းကမွေးသလဲ။

When were you born?

Bilakah anda dilahirkan?

(ဘီလားကား အန်ဒါး ဒီလာဟီးကန်း)

၂။ ကျွန်တော် ၁၉၆၀ မှာ မွေးပါတယ်။

I was born in 1960.

Saya dilahirkan pada tahun 1960.

(ဆာယား ဒီလာဟီးကန်း ပဒ တာဟွန်း ၁၉၆၀)

၃။ ခင်ဗျား ဘယ်တုန်းကရောက်သလဲ။

When did you get (arrive) here?

Bilakah anda tiba di sini?

(ဘီလားကား အန်ဒါး တီဘား ဒီ ဆီးနီး)

၄။ ကျွန်တော် မနေ့ကရောက်ပါတယ်။

I arrived yesterday.

Saya tiba kelmarin.

(ဆာယာ တီဘား ကယ်လ်မာရင်း)

၅။ ခင်ဗျား ဘယ်တော့သွားမလဲ။

When are you leaving.?

Bilakah anda akan berangkat?

(ဘီလားကား အန်ဒါး အကန်း ဘာအန်ကတ်)

၆။ ကျွန်တော် မနက်ဖြန်သွားပါမယ်။

I am leaving tomorrow.

Saya akan berangkat esok.

(ဆာယား အကန်း ဘာအန်ကတ် အီဆွတ်)

၇။ ဒီနေ့။

Today.

Hari ini.

(ဟာရိ အိနိ)

၈။ ဒီနေ့ည။

To night.

Malam ini.

(မလမ်း အိနိ)

၉။ ဒီနေ့မနက်။

This morning.

Pagi ini.

(ပါဂိ အိနိ)

၁၀။ သန်ဘက်ခါ။

The day after tomorrow.

Lusa.

(လူဆား)

၁၁။ မနက်ဖြန်နေ့လယ်။

Tomorrow afternoon.

Petang esok.

(ပက်တန်း အီဆွတ်)

၁၂။ နောက်အပတ်။

Next week.
Minggu depan.
(မင်ဂူး ဒပန်း)

၁၃။ ၃ ရက်ကြာပြီးနောက်။
Three days ago.
Tiga hari yang lalu.
(တီဂါး ဟာရီ ယန်း လာလူး)

၁၄။ နာရီအနည်းငယ်ကြာပြီးနောက်။
A few hours ago.
Beberapa jam yang lalu.
(ဘယ်ဘရာပါး ဂျင်မ် ယန်းလာလူး)

၁၅။ ခုလေးတင်။
Just now.
Sebentar tadi.
(ဆယ်ဘင်သား တာဒီး)

၁၆။ မကြာခင်။
Recently.
Baru - baru ini.
(ဘာရူး – ဘာရူး အိနိ)

၁၇။ မနေ့က။
Yesterday.
Semalam.
(ဆယ်မလမ်း)

၁၈။ တစ်နေ့က (တစ်မြန်မနေ့က)
The day before yesterday.
Kelmarin dulu.
(ကယ်လ်မာရင်း ဒူးလူး)

၁၉။ မနေ့ည (ပြီးခဲ့တဲ့ည)

Last night.
Malam tadi.
(မလမ်း တာဒီ)

၂၀။ ရက်သတ္တပတ်ကြာပြီးနောက်။
A fortnight ago.
Empat belas hari yang lalu.
(အမ်ပတ် ဘလပ်စ် ဟာရိ ယန်း လာလူး)

## (၅) ဘာကြောင့်လဲ = **Why** = **Mengapa**

၁။ မင်း ဘာဖြစ်လို့ အလျင်စလိုဖြစ်တာလဲ။

Why are you in a hurry?

Mengapa anda ter buru -buru?

(မင်ဂါပါး အန်ဒါး တာ ဘူရူး - ဘူရူး)

၂။ ရထားမီအောင်လို့ပါ။

I'm in hurry to catch the train.

Saya ter buru-buru untuk mengejar.

keretapi.

(ဆာယား တာ ဘူရူး - ဘူရူး အွန်တွတ် မင်ဂျီဂျား ကရက်တာပီ)

၃။ မင်းဘာလို့ရယ်တာလဲ။

Why are you laughing?

Mengapa anda tertawa?

(မင်ဂါးပါး အန်ဒါး တာတဝါး)

၄။ သူက သိပ်ရယ်စရာကောင်းလို့ပါ။

I'm laughing because he is very funny.

Saya tertawa kerana dia terlalu lucu.

(ဆာယား တာတဝါး ကယ်ရားနား ဒီယာ တာကာ လူး

လူချူး)

၅။ မင်းဘာဖြစ်လို့ ဖြူဖပ်ဖြူရော်ဖြစ်နေတာလဲ။

Why do you look pale?

Mengapa anda kelihatan pucat?

(မင်ဂါပါး အန်ဒါး ကီလီဟာတန်း ပူချတ်)

၆။ ငါနေမကောင်းလို့ပါ။

I look pale because I am sick.

Saya kelihatan pucat kerana sakit.

(ဆာယား ကယ်လီဟာတန်း ပူချတ် ကရားနား ဆာကစ်တ်)

၇။ မင်းဘာလို့နောက်ကျတာလဲ။

Why are you late?

Mengapa anda terlambat?

(မင်ဂါးပါး အန်ဒါး တာလမ်းဘတ်)

၈။ လမ်းမှာ ကားတွေပိတ်နေလို့ပါ။

I'm late because of the traffic jam.

Saya terlambat kerana kesesakan lalulntas.

(ဆာယား တာလမ်းဘတ် ကီရားနား ကီဆီဆာ ကန်း လာလူးလင်းတတ်စ်)

၉။ ဘာဖြစ်လို့ သူစိတ်ဆိုးနေတာလဲ။

Why is he angry?

Mengapa dia marah?

(မင်ဂါပါး ဒီယာ မာရား)

၁၀။ ကျွန်တော် မသိပါဘူး။

I don't know.

Saya tak tahu.

(ဆာယား သာ သောက်)

## (၆) ဘယ်လို၊ မည်သို့ (How) = Bagaimana

၁။ မင်းအဖေ နေကောင်းရဲ့လား။

How is your father?

Bagaimana khabarnya ayah anda.

(ဘာဂိုင်းမန ခဘားည အယား အန်ဒါး)

၂။ သူနေကောင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

He is fine, thank you.

Beliau sihat - sihat saja.

(ဘီလျောင်း ဆီဟတ် – ဆီဟတ် ဆာဂျား)

၃။ အရသာဘယ်လိုနေလဲ။

How does it taste?

Bagaimana rasanya?

(ဘာဂိုင်းမန ရသည)

၄။ အရသာရှိပါတယ်၊။ ကောင်းပါတယ်။

It taste delicious. (tasty, nice)

Rasnaya enak.

(ရသည အီနတ်က်)

၅။ ကောင်းပါတယ်ဆရာ။

It is good enough, sir.

Cukup baik, enick.

(ချူကုတ်ပ် ဘိုက်၊ အန်းချစ်)

၆။ ဘယ်လို (ဘာနဲ့) သွားမှာလဲ။

How are you going?

Pergi dengan apa?

(ပယ်ရ်ဂိ ဒင်ဂင်း အပါး)

၇။ မင်း တက္ကစီနဲ့သွားမှာလား။

Will you go by taxi?

Adakah anda akan pergi teksi?

(အဒါးကား အန်ဒါး အကန်း ပယ်ရ်ဂိ ဒင်ဂင်း တက္ကစီ)

၈။ ကျွန်တော် ကားနဲ့သွားပါမယ်။

I'll leave by car.

Saya akan pergi dengan kereta.

(ဆာယား အကန်း ပယ်ရ်ဂိ ဒင်ဂင်း ကရက်တာ)

၉။ တို့စက်ဘီးနဲ့သွားရအောင်။

Let's go by bike.

Marilah kita pergi menaiki basikal.

(မာရေးလား ကီတ ပယ်ရ်ဂိ မင်နိုင်းကီး ဘာစီ ကယ်လ်)

၁၀။ ဒီလမ်း ဘယ်လောက်ရှည်သလဲ။

How long is the street?

Berapa panjang jalan itu?

(ဘရားပါး ပင်ဂျန်း ဂျလန် အိတူ)

၁၁။ ဘယ်လောက်ဝေးသလဲ။

How far is it?

Berapa jauhnya?

(ဘရာပါး ဂျောင်းညာ)

၁၂။ မင်းအသက်ဘယ်လောက်လဲ။

How old are you?

Berapakah umur anda?
(ဘရားပါးကား အူမိုး အန်ဒါး)

၁၃။ ကျွန်တော် အသက် (၂၀) ရှိပါပြီ။
I'm twenty years old.
Umur saya dua puluh tahum.
(အူမိုး ဆာယား ဒူးဝါး ပူလူး တာဟွန်း)

၁၄။ ဘယ်နှနာရီရှိပြီလဲ။
What is the time now?
Pukul berapa sekarang?
(ပူကူးလ် ဘရာပါး ဆက်ကရင်း)

၁၅။ ညနေငါးနာရီ ရှိပါပြီ။
Now it is five p.m.
Sekarang pukul lima petang.
(ဆက်ကရင်း ပူကူးလ် လီမား ပတ်တန်း)

## (၇) ဘယ်လောက်လဲ How many / How much Berapa

၁။ မင်းမှာ စာအုပ်ဘယ်လောက်ရှိသလဲ။ (အရေအတွက်)

How many books do you have?

Berapa banyakkah buku anda?

(ဘရာပါး ဘာညာကား ဘုကု အန်ဒါး)

* Banya (ဘာညာ) = Many (များသော)

၂။ ဒီစာအုပ်ဘယ်လောက်ပေးရသလဲ။ (တန်ဖိုး)

How much is this book?

Berapakah harga buku ini?

(ဘရာပါးကား ဟားဂ ဘုကု အိနိ)

၃။ မင်းအရပ် ဘယ်လောက်မြင့်သလဲ။

How tall are you?

(What is your height?)

Berapakah tinggi anda?

(ဘရာပါးကား တင်ဂီ အန်ဒါး)

၄။ ဒီဟာရဲ့တန်ဖိုး ဘယ်လောက်လဲ။

How much does it cost?

Berapakah belanjanya?

(ဘာရာပါးကား ဘီလန်းဂျားည)

၅။ မင်းအလေးချိန် ဘယ်လောက်ရှိသလဲ။

How much does you weight?

Berapakah berat anda?

(ဘာရာပါးကား ဘရတ် အန်ဒါး)

၆။ ကျွန်တော် (၅၀) ကီလိုဂရမ် ရှိပါတယ်။

I weight fifty kilogram.

(My weight is fifty kilogram)

Berat saya lima puluh kilogram.

(ဘရတ် ဆာယား လီးမား ပူလူး ကီလိုရမ်)

၇။ မင်း ဒီမှာ ဘယ်လောက်ကြာကြာနေမှာလဲ။

How long will you stay here?

Berapa lamakah anda akan tinggal di sini?

(ဘာရားပါး လားမားကား အန်ဒါး အကန်း တင်ဂါးလ် ဒီဆီးနီး)

၈။ မင်းအိမ်က ဒီနေရာကနေ ဘယ်လောက်ဝေးသလဲ။

How far is your house from here?

Berapa jauhnya rumah anda dari sini?

(ဘာရာပါး ဂျောင်းည ရူမား အန်ဒါး ဒါရီ ဆီနီ)

## (၈) ဘယ်လောက်ကြာပြီလဲ **How long**

Sudah berapa lama

၁။ မင်း ဒီရောက်နေတာ ဘယ်လောက်ကြာပြီလဲ။

How long have you been here?

Sudah berpa lama anda di sini?

(ဆူဒါး ဘရားပါး လားမား အန်ဒါး ဒီ ဆီးနီး)

၂။ ငါရောက်နေတာ သုံးနာရီရှိပါပြီ။

I have been here for three hours.

Saya di sini sudah tiga jam.

(ဆာယား ဒီ ဆီးနီး ဆူဒါး တီဂါး ဂျင်းမ်)

၃။ သူတို့ ဒီမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ။

How long have they worked here?

Sudah beraapa lama mereka bekerja di sini?

(ဆူဒါး ဘရားပါး လားမား မရက်ကား ဘယ်ကာဂျား ဒီ ဆီးနီး)

၄။ သူတို့ ဒီမှာ အလုပ်လုပ်တာ သုံးနှစ်ရှိပါပြီ။

They have worked here for three years.

Mereka telah bekerja di sini selama tiga tahun.

(မယ်ရက်တာ တလား ဘယ်ကာဂျား ဒီဆိနိဆယ်လာ မား တီဂါး တာဟွန်း)

၅။ မင်း ပီနန်မှာနေတာ ဘယ်လောက်ကြာပြီလဲ။

How long have you lived in Penang.

Sudah berapa lama anda tinggal di Penang?

(ဆူဒါး ဘရားပါး လာမား အန်ဒါး တင်ဂါးလ် ဒီ ပီနန်)

၆။ ငါပီနန်မှာနေတာ ဆယ်နှစ်ရှိပြီ။

I have lived in Penang for ten years.

Saya sudah tinggal di Penang selama sepuluh tahun.

(ဆာယား ဆူဒါး တင်ဂါးလ် ဒီ ပီနန် ဆယ်လာမား ဆပ်ပူလူး တာဟွန်း)

## (၉) ဘယ်သို့ = Where to

**Ke mana**

**ဘယ်မှ From Where**

**Dari mana**

၁။ သူဘယ်သွားတာလဲ။
Where did he go?.
Ke mana dia pergi?
(ကယ်မားနား ပယ်ရ်ဂိ)

၂။ မင်း အခုဘယ်ကလာတာလဲ။
Where did you come from just now?
Dari mana anda tadi?
(ဒါရိ မာနား အန်ဒါး တာဒိ)

၃။ ဒီဘတ်စကား ဘယ်ကလာတာလဲ။
Where did this bus come from?
Dari mana bas ini?
(ဒါရိ မာနာ ဘတ်စ် အိနိ)

၄။ ငါ ရုပ်ရှင်သွားကြည့်တာ။
I went to the pictures.

Saya pergi menonton
(ဆာယား ပယ်ရ်ဂိ မယ်နွန်တွန်)

၅။ မင်းဘယ်သွားသွား ငါမင်းနဲ့လိုက်မယ်။
Wherever you go , I will go with you.
Ke manapun anda pergi saya akan ikut.
(ကီ မာနပွန်း အန်ဒါး ပ်ဂိ ဆာယား အကန်းအီကွတ်)

၆။ ငါ အိမ်ကလာတာပါ။
I came from my house.
Saya datang dari rumah.
(ဆာယား ဒါတန်း ဒါရိ ရူးမား)

## (၁၀) အချိန် (နာရီ) ဘယ်လောက်ရှိပြီလဲ။
## (ဘယ်နှနာရီထိုးပြီလဲ)

**WHAT'S THE TIME NOW?**

**PUKUL BERAPA SEKARANG?**

၁။ တစ်နာရီထိုးပြီ။

It is one. (It is one o'clock.)

Pukul satu (1:00).

(ပူကူးလ် ဆတ်တူး)

၂။ တစ်နာရီတစ်ဆယ့်ငါးမိနစ်ရှိပြီ။

It is a quarter past one.

Puku satu suku. (1:15)

(ပူကူးလ် ဆတ်တူးဆူကူး)

၃။ တစ်နာရီ ဆယ့်ငါးမိနစ်။

It is one fifteen.

Pukul satu lima belas. (1:15)

(ပူကူးလ် ဆတ်တူး လီမား ဘလတ်စ်)

၄။ တစ်နာရီခွဲပြီ။

It is half past one.

Pukul satu setengah. (1:30)

(ပူကူးလ် ဆတ်တူး ဆက်တင်ဂါး)

၅။ တစ်နာရီလေးဆယ့်ငါးမိနစ်။

It is one forty-five.

Pukul satu empat puluh lima. (1:45)

(ပူကူးလ် ဆတ်တူး အမ်ပတ် ပူလူး လီမား)

၆။ နှစ်နာရီထိုးရန် နှစ်မိနစ်အလို။

It is two (minutes) to two (o'clock).

Pukul satu lima puluh lapan. (1:58)

(ပူကူးလ် ဆတ်တူး လီမား ပူလူး လာပန်း)

၇။ နှစ်နာရီထိုးပြီ။

It is two o'clock.

Pukul dua (2:00)

(ပူကူးလ် ဒူးဝါး)

၈။ နေ့လယ်တစ်နာရီထိုးပြီ။

It is one p.m.

Pukul satu tengah hari. (1:00)

(ပူကူးလ် ဆတ်တူး တင်ဂါး ဟာရီ)

၉။ မနက်ငါးနာရီ။

It is five a.m.

Pukul lima pagi. (5:00)

(ပူကူးလ် လီမား ပါဂီ)

၁၀။ ညနေလေးနာရီ။

It is four p.m.

Pukul empat petang. (4:00)

(ပူကူးလ် အမ်ပတ် ပက်တန်း)

၁၁။ ညနေလေးနာရီထိုးခါနီးပြီ။

It is nearly four p.m.

Hampir pukul empat petang.
(ဟမ်ပီရား ပူကူးလ် အမ်ပတ် ပက်တန်း)

၁၂။ လေးနာရီမထိုးသေးဘူး။
It is not four o'clock yet.
Belum pukul empat lagi.
(ဘလွန်းမ် ပူကူးလ် အမ်ပတ် လာဂိ)

၁၃။ အခု ခုနစ်နာရီထိုးပြီ။
It must be seven o'clock now.
Sudah pukul tujuh sekarang.
(ဆူဒါး ပူကူးလ် တူဂျူး ဆက်ကရင်း)

## (၁၁) မင်းဘာလုပ်နေသလဲ။

WHAT ARE YOU DOING?

KAMU SEDANG BUAT APA?

**(ကာမူး ဆက်ဒင်း ဘဝပ် အပါး)**

၁။ ကျွန်တော် လမ်းလျှောက်နေတယ်။

I'm walking.

Saya sedang berjalan.

(ဆာယား ဆက်ဒင်း ဘာဂျလန်း)

I'm taking a walk.

Saya sedang berjalan - jalan.

(ဆာယား ဆက်ဒင်း ဘာဂျလန်း – ဂျလန်း)

၂။ ကျွန်တော် ဆေးလိပ်သောက်နေတယ်။

I'm smoking.

Saya sedang merokok.

(ဆာယား ဆက်ဒင်း မယ်ရိုကို့)

၃။ ကျွန်တော် စာရေးနေပါတယ်။

I'm writing a letter.

Saya menulis surat.

(ဆာယား မယ်နူလစ် ဆူရတ်)

၄။ ကျွန်တော် နေ့လယ်စာစားနေပါတယ်။
I'm having my lunch.
Saya sedang makan tengah hari.
(ဆာယား ဆက်ဒင်း မကန်း တင်ဂါး ဟာရိ)

၅။ ကျွန်တော် ရေချိုးနေပါတယ်။
I'm having a bath.
Saya sedang mandi.
(ဆာယား ဆက်ဒင်း မန်ဒီ)

၆။ ကျွန်တော် အနားယူနေပါတယ်။
I'm having a rest.
Saya sedang berehat.
(ဆာယား ဆက်ဒင်း ဘာရဲဟတ်)

၇။ ကျွန်တော် သူငယ်ချင်းကို စောင့်နေပါတယ်။
I'm waiting for my friend.
Saya sedang menunggu teman saya.
(ဆာယား ဆက်ဒင်း မင်နွန်ဂူး တီမန်း ဆာယား)

၈။ ကျွန်တော် တယ်လီဗီးရှင်းကြည့်နေပါတယ်။
I'm watching television.
Saya sedang menonton televisyen.
(ဆာယား ဆက်ဒင်း မင်နွန်တွန်း တယ်လီဗီးရှင်း)

၉။ ကျွန်တော် ဘာမှမလုပ်ပါဘူး။
I'm doing nothing.
Saya tak buat apa - apa.
(ဆာယား သတ် ဘဝပ် အပါး – အပါး)

၁၀။ သူမ ချက်ပြုတ်နေတယ်။
She is cooking.
Dia (perempuan) sedang memasak.

[ဒီယာ (ပရင်မ်ပဝမ်း) ဆက်ဒင်း မိမာဆတ်]

၁၁။ သူမ ငါးကြော်နေတယ်။

She is frying fish.

Dia sedang menggoreng ikan.

(ဒီယာ ဆက်ဒင်း မင်ဂိုရင်း အီကန်း)

၁၂။ သူမ ရေနွေးတည်နေတယ်။

She is boiling water.

Dia sedang memasak air.

(ဒီယာ ဆက်ဒင်း မိမာဆတ် အာရီး)

၁၃။ သူမ စက်ချုပ်နေတယ်။

She is sewing.

Dia sedang menjahit.

(ဒီယာ ဆက်ဒင်း မင်ဂျာဟစ်)

၁၄။ သူမ ကြမ်းတိုက်နေတယ်။

She is scrubbing the floor.

Dia sedang menggosok lantai.

(ဒီယာ ဆက်ဒင်း မင်ဂိုဆို့ လန်တိုင်း)

## (၁၂) လက်ဝယ်ထားရှိသည် = **Have = Ada**

၁။ သူဒီမှာပါ။

He is here.

Dia ada di sini.

(ဒီယာ အာဒါး ဒီ ဆီးနီး)

၂။ ဘာဖြစ်တာလဲ။

What's the matter?

Ada apa?

(အာဒါး အပါး)

၃။ ငါ့မှာ ငွေနည်းနည်းပါးပါးရှိပါတယ်။

I have some money.

Saya ada wang.

(ဆာယား အာဒါး ဝမ်းဂ်)

၄။ အခု သူ ကွာလာလမ်ပူမှာ မရှိဘူး။

He isn't in Kuala lumpur now.

Dia tidak ada di kuala lumpur sekarang.

(ဒီယာ သာဒ အဒါး ဒီ ကွာလာလမ်ပူ ဆက်ကရင်း)

၅။ သူ ပီနန်မှာရှိတယ်။

He is in Penang.

Dia sedang berada di Penang.

(ဒီယာ ဆက်ဒင်း ဘာအဒါး ဒီ ပီနန်)

၆။ ငါ့မှာ အိမ်တစ်လုံးရှိတယ်။

I have a house.

Saya ada sebuah rumah.

(ဆာယား အဒါး ဆဘွား ရူမား)

၇။ မင်းမှာ ငွေအကြွေများပါသလား။

Do you have small change?

Adakah anda duit kecil?

(အဒါးကား အန်ဒါး ဒူဝစ် ကကျင်းလ်)

## (၁၃) စားသည်  Eat, Have = Makan

၁။ ကျွန်တော် မနက် (၇) နာရီတွင် နံနက်စာစားသည်။

I have breakfast at 7:00.

Saya bersarapam pagi pukul 7:00.

(ဆာယား ဘာဆာရာပန်း ပါဂိ ပူကူးလ် ၇း၀၀)

၂။ မင်း ဘယ်အချိန် နေ့လယ်စာစားသလဲ။

What time do you have lunch?

Pukul berapakah anda makan tengah hari?

(ပူကူးလ် ဘရာပါးကား အန်ဒါး မကန်း တင်ဂါး ဟာရိ)

၃။ ဒါစားလို့ရသလား။

Is this eatable?

Adankah ini boleh dimakan?

(အဒါးကား အိနိ ဘိုလေး ဒီမကန်း)

၄။ ငါ ငှက်ပျောသီးစားချင်တယ်။

I want to eat a banana.

Saya ingin makan pisang.

(ဆာယား အင်ဂင်း မကန်း ပီဆင်းဂ်)

၅။ သူ ဆန်ပြုတ်သောက်ချင်တယ်။

He wants to eat porridge.

Dia ingin makan bubur.
(ဒီယာ အင်ဂင်း မကန်း ဘောဘော)

၆။ ထမင်းဟာ တို့ရဲ့ဒေသအစားအစာပါ။
Rice is our staple food.
Beras ialah makanan utama kami.
(ဘာရပ်းစ် အီရားလား မကာနန်း ဥတားမား ကာမီး)

၇။ ငါ ညစာကို ရှစ်နာရီမှာ စားတယ်။
I have my dinner at eight.
Saya makan malam pukul lapan.
(ဆာယား မကန်း မလမ်း ပူကူးလ် လာပန်း)

## (၁၄) သောက်ခြင်း Drinking

**Minum**

၁။ ကျွန်တော် လက်ဖက်ရည်ကို နှစ်သက်ပါတယ်။

I like to drink tea.

Saya suka minum teh.

(ဆာယား ဆူခ မိန္ဒန်းမ် တေး)

၂။ ငါ အရက်ကို မနှစ်သက်ဘူး။

I don't like alcoholic drinks.

Saya tak suka minuman keras.

(ဆာယား သပ် ဆူခ မိန္ဒန်းမန်း ကီရပ်စ်)

၃။ ငါ့နို့ကို ဘယ်သူသောက်လိုက်သလဲ။

Who has drunk my milk?

Siapa yang meminum susu saya?

(ဆီအပါး ယန်း မင်မိန္ဒန်းမ် စုစု ဆာယား)

၄။ ဒါကို မသောက်ပါနဲ့။

Don't drink it.

Jangan minum.

(ဂျာငန်း မိန္ဒန်းမ်)

၅။ သူ ဒီဆေးမသောက်နိုင်ဘူး။

He can't take this medicine.

Ubat ini tidak terminum olehnya.

(အူဘတ် အိနိ သာဒ တာမိနွန်းမ် အိုလေးညှ)

၆။ ဒါဟာ စားသောက်စရာရောင်းတဲ့ စတိုးဆိုင်ပါ။

This is a food and drink store.

Ini gerai makanan dan minuman.

(အိနိ ဂရိုင်း မကာနန်း ဒင်န် မိနွန်းမန်း)

## (၁၅) ပိုင်ဆိုင်သည်  TO POSSESS

**Punya**

၁။ ပိုင်ဆိုင်ခြင်း။

Possession.

Kepunyaan.

(ကယ်ပုံညာအန်း)

၂။ ဒါ ငါပိုင်တဲ့စာအုပ်ပါ။

This book is mine.

Buku ini kepunyaan saya.

(ဘုကု အိနိ ကယ်ပုံညာအန်း ဆာယား)

၃။ ကျွန်တော့်စာအုပ်။

My book.

Buku saya.

(ဘုကု ဆာယား)

၄။ ဒါမင်းဟာလား။

Is this yours?

Does this belong to you?

Adakah ini kepunyaan anda?

(အဒါးကား အိနိ ကယ်ပုံညာအန်း အန်ဒါး)

၅။ ဟုတ်ကဲ့၊ ကျွန်တော့်ဟာပါ။

Yes, this belongs to me.

Ya, ini kepunyaan saya.

(ယား၊ အိနိ ကယ်ပုံညာအန်း ဆာယား)

၆။ သူ့မှာ ကားတစ်စီးရှိတယ်။

He has a car.

Dia mempunjai sebuah kereta.

(ဒီယာ မင်ပုံလိုင်းဆဘွား ကရက်တာ)

## (၁၆) I am ကျွန်ုပ် – ရှိသည်၊ ဖြစ်သည်။

**Aku**

၁။ ငါမင်းကို ချစ်မြတ်နိုးပါတယ်။

I adore you.

Aku terpikat dengan mu.

(အကု တာပိကတ် ဒင်ဂင်း မူ)

၂။ ငါ မင်းကို အရူးအမူးစွဲလမ်းမိတယ်။

I am crazy about you.

Aku mungkin aku meninggalkan mu.

(အကု တာဂိလ – ဂိလ ကီပဒမူ)

၃။ မင်းနားက ဘယ်တော့မှ ထွက်မသွားပါဘူး။

I will never leave you.

Tak tidak boleh hidup tanpa mu.

(သပ် မွန်ကင်း အကု မင်နင်ဂါလ်ကန်း မူ)

၄။ မင်းမရှိရင် ငါမနေတတ်ဘူး။

I cannot live without you.

Aku tidak boleh hidup tanpa mu.

(အကု သာဒါး ဘိုလေး ဟိဒွတ် တန်ပါး မူ)

၅။ ငါ မင်းကို ချစ်ခင်နှစ်သက်ပါတယ်

I am fond of you.

Aku suka kepadamu.

(အကု ဆူခ ကီပဒမူ)

၆။ ငါ့ချစ်သူရည်းစား။

My Sweet heart.

Jantung hatiku.

(ဂျန်သွန်း ဟာသီကူ)

၇။ ချစ်ကြိုက်နေသည်။

Fall in love.

Jatuh cinta.

(ဂျာတိုး ကျင်သ)

၈။ စစ်မှန်တဲ့အချစ်။

A ture Love.

Cinta sejati.

(ကျင်သ ဆီဂျာသီး)

၉။ ငါ့နှလုံးသားဟာ မင်းတစ်ယောက်တည်းအတွက်ပါ။

My heart is completely yours.

Jantung hatiku menyerah kepadamu.

(ဂျန်တွန်း ဟာသီကူ မင်ညီရား ကီပဒမူ)

၁၀။ မင်းဟာ ပန်းကလေးလိုပဲ ချစ်စရာကောင်းတယ်။

You are lovely as flower.

Engkau cantik laksana bunga.

(အန်ကော ကျန်သေ့ လတ်ဆာနဘွန်းဂ)

၁၁။ မင်းဟာ သိပ်လှတဲ့မိန်းကလေးပါပဲ။

You are a pretty girl.

Kngkau gadis yan cantik.

( အန်ကော ဂါဒစ် ယန်း ကျန်သေ့)

၁၂။ မင်းဟာ နှင်းပန်းလေးလိုပဲ သန့်စင်ပါတယ်။

You are pure as the lily.

Engkau murni laksana lily.

(အန်ကော မိုနီး လတ်ဆာန လီလီ)

၁၃။ မင်းကြောင့် ငါရွှင်လန်းဝမ်းမြောက်ရပါတယ်။

You make me so happy.

Engkau membuat aku bahagia.

(အန်ကော မင်ဘဝပ် အကူ ဘဟာဂျီဟာ)

၁၄။ ငါ မင်းကို ဘယ်တော့မှ မမေ့နိုင်ပါဘူး။

I can never forget you.

Aku tidak bdeh melupakan Kamu.

(အကူ သာဒ ဘိုလေး မီလူပကန် ကာမူ)

၁၅။ ငါ့မှာ အိမ်တစ်လုံးရှိတယ်။

I have a house.

Aku ada rumah.

(အကူ အဒါး ရူးမား)

၁၆။ ငါဘယ်သူလဲ။

Who I am?

Siapa aku?

(ဆီအပါး အကူ)

၁၇။ ငါ ဒီနေရာကဝေးရာကို သွားချင်တယ်။

I want to go away from here.

Aku ingin pergi dari sini.

(အကူ အင်ဂင်း ပိဂိ ဒါရီဆိနိ)

## (၁၇) ရှိသည် ဖြစ်သည်။ **Be**

**Ada**

၁။ သူ ဒီမှာရှိနေတယ်။

He's here already.

Dia sudah ada di sini.

(ဒီယား ဆူဒါး အာဒါး ဒီ ဆီနီ)

၂။ ဒီမှာ သူရှိနေပြီလား။

Is he here already?

Adakah dia di smi?

(အဒါးကား ဒီယာဒီ ဆီနီ)

၃။ သူမလာသေးဘူး။

He hasn't come yet.

(He isn't in yet.)

Dia belum ada.

(ဒီယာ ဘလွန်းမ် အာဒါး)

၄။ ကျွန်တော်တို့ မန်နေဂျာ ယခု ဒီမှာမရှိပါဘူး။

Our manager isn't in now.

Pengarah kami tidak ada sekarang.

(ပင်ဂါရား ကာမီ သာဒ အာဒါး ဆက်ကရင်း)

၅။ Do you have a dictionary?
Anda ada kamus?
(အန်ဒါး အာဒါး ကာမိစ်)

၆။ အစည်းအဝေးလုပ်လိုက်ရအောင်။
Let's hold a meeting.
Mari kita adakan perhimpunan.
(မာရေး ကီတ အဒါးကန် ပါဟင်းပူနန်း)

**(၁၈) သို့၊ ရန်၊ ဖို့ = To**

**Ke**

**၌၊ မှာ၊ တွင်၊ အတွင်းမှာ = At, In**

**Di**

၁။ သူကျောင်းကိုသွားတယ်။

He is going to school.

Dia pergi ke sekolah.

(ဒီယာ ပယ်ရ်ဂိ ကယ် ဆကိုလာ)

၂။ ဒီမှာ၊ ဟိုမှာ။

Here and there.

Ke sana dan ke sini.

(ကယ်ဆာနား ဒင် ကယ်ဆိနိ)

၃။ ဒီကို ကုလားထိုင်ယူခဲ့ပါ။

Bring the chair here.

Bawalah kerusi itu ke sini.

(ဘာဝါးလား ကီရူဆိ အစ်တူ ကယ် ဆိနိ)

၄။ ဒါတွေ အောက်ထပ်ကို ယူသွားပါ။

Take these things down-staris.

Bawalah barang - barang ini ke bawah.
(ဘာဝါလား ဘာရန်း–ဘာရန်း အိနိ ကယ် ဘာဝါး)

၅။ သူတို့ရဲ့တိုင်းပြည်ကို သူတို့ပြန်လာကြလိမ့်မယ်။
They will return to theri native country.
Mereka akan pulang ke negeri asalnya.
(မရက်ကားအကန်း ပူလန်း ကယ် နဂရိ အဆားလ်ည)

၆။ မေရီက မီးဖိုထဲမှာ။
Mary is in the kitchen.
Mary di dapur.
(မေရီ ဒီ ဒပိုး)

၇။ ကြမ်းပြင်ပေါ်မှာ မအိပ်နဲ့။
Don't sleep on the floor.
Jangan tidur di atas lantai.
(ဂျာငန်း သီဒိုး ဒီ အတပ်စ် လန်တိုင်း)

၈။ သူက ကျေးရွာလေးမှာ မွေးတာပါ။
He was born in a small village.
Dia dilahirkan di sebuah kampung kecil.
(ဒီယာ ဒီလာဟာရိကန်း ဒီဆဘွား ကမ်ပုံ ကကျင်းလ်)

၉။ သူဟာ အမှတ် (၇) ပက်တလင်း လမ်းမှာနေတယ်။
He lives at No. 7, Petaling street.
Dia tinggal di No.7, Jalan Petaling.
(ဒီယာ တင်ဂါးလ် ဒီ နံဘာ ဆဲဗင်း၊ ဂျလန် ပက်တလင်း)

## (၁၉) မ–သေး (မဖြစ်သေး) (မလုပ်သေး)

**Not yet**

**Belum**

၁။ ငါမနက်စာမစားရသေးဘူး။

I have not had my breakfast yet.

Saya belum bersarapan pagi.

(ဆာယား ဘလွန်းမ် ဘာဆာရာပန်း ပါဂီ)

၂။ သူ အိပ်ရာကမထသေးဘူး။

He has not got up yet.

Dia belum bangun lagi.

(ဒီယာ ဘလွန်းမ် ဘန်ငွန်း လာဂီ)

၃။ ငါ ဒါကို ခုထိ နားမလည်ဘူး။

I do not understand it yet.

Saya belum tidak mengerti hal itu.

(ဆာယား ဘလွန်းမ် သာဒါး မင်ငယ်တီး ဟားလ် အစ်တူ)

၄။ သူ ခုထက်ထိအိမ်ထောင်မရှိသေးဘူး။

He is still single.

Dia belum kahwin.

(ဒီယာ ဘလွန်းမ် ကာဝင်း)

၅။ ငါ ဒီနေ့သတင်းစာမဖတ်ရသေးဘူး။

I have not read today's paper yet.

Saya belum membaca akhbar hari ini.

(ဆာယား ဘလွန်းမ် မင်ဘာချား အက်ဘား ဟာရိ အိနိ)

၆။ အလုပ်မပြီးသေးဘူး။

The work is not finished yet.

Kerja itu belum selesai lagi.

(ကာဂျား အစ်တူ ဘလွန်းမ် ဆီလက်ဆိုင်း လာဂိ)

၇။ နေ့လယ်စာ အဆင့်သင့်မဖြစ်သေးဘူး။

Lunch is not ready yet.

Makanam tengah hari belum siap.

(မကာနန်း သင်ဂါး ဟာရိ ဘလွန်းမ် ဆီရပ်)

၈။ အချိန်မစေ့သေးဘူး။

Time is not up yet.

Waktu belum habis.

(ဝပ်က်တူ ဘလွန်းမ် ဟာဘစ်)

၉။ နေမထွက်သေးဘူး။

The sun is not up yet.

Matahari belum terbit.

(မာတာဟာရိ ဘလွန်းမ် ဟာဘစ်)

၁၀။ အစည်းအဝေးမပြီးသေးဘူး။

The meeting is not over yet.

Pertemuan itu belum selesai.

(ပါတီမန်း အစ်တူ ဘလွန်းမ် ဆီလက်စ်ဆိုင်း)

## (၂၀) နေ့ **Day**

**Hari (ဟာရိ)**

၁။ ဒီနေ့ဘာနေ့လဲ။

What day is today?

Hari ini hari apa?

(ဟာရိ အိနိ ဟာရိ အပါး)

၂။ ဒီနေ့ တနင်္လာနေ့ပါ။

Today is Monday.

Hari ini hari lsnin.

(ဟာရိ အိနိ ဟာရိ အစ်နင်း)

၃။ မနေ့က တနင်္ဂနွေနေ့။

Yesterday was Sunday.

Semalam hari had.

(ဆမလမ်း ဟာရိ အဟတ်)

၄။ မနက်ဖြန်အင်္ဂါနေ့။

Tomorrow is Tuesday.

Esok hari Selasa.

(အိဆွတ် ဟာရိ ဆီလက်ဆား)

၅။ သန်ဘက်ခါ ဗုဒ္ဓဟူးနေ့။
The day after tomorrow is Wednesday.
Lusa hari Rabu.
(လူဆား ဟာရီ ရာဘူး)

၆။ ကြာသပတေးနေ့ ငါသွားမယ်။
I'll leave on Thursday.
Saya akan berangkat pada hari Khamis.
(ဆာယား အကန်း ဘာအန်ကတ် ပဒ ဟာရီ ခါမစ်)

၇။ သူ (သူမ) သောကြာနေ့ရောက်လိမ့်မယ်။
He (She) will arrive on Friday.
Dia akan tiba hari jumaat.
(ဒီယာ အကန်း တီဘား ဟာရီ ဂျူမားအပ်)

၈။ စနေနေ့မှာ ငါတို့ရက်အားရတယ်။
On Satuarday we have a day-off.
Pada hari sabtu kami bercuti.
(ပ,ဒ ဟာရီ ဆပ်တူ ကာမိ ဘာချူသီ)

၉။ ရက်သတ္တပတ်မှာ (၇) ရက်ရှိတယ်။
There are seven days in a week.
Seminggu ada tujuh hari.
(ဆမင်ဂူး အဒါး တူဂျုး ဟာရီ)

၁၀။ မင်း K.L မှာနေတာ ဘယ်လောက်ကြာပြီလဲ။
How long have you been staying at K.L.
Berapa hari lamanya anda menginap di K.L
(ဘရာပါး ဟာရီ လားမားည အန်ဒါး မင်ဂီနပ် ဒီ ကေအယ်လ်)

## (၂၁) ပြက္ခဒိန်လများ The Months Of The Year
## NAMA BULAN SETAHUN
## (နာမားဘူလန်းဆယ်တာဟွန်း)

၁။ ဒီလ ဘာလလဲ။

What month is this?

Bulan ini bulan apa?

(ဘူလန်း အိနိ ဘူလန်း အပါး)

၂။ ဇန်နဝါရီလပါ။

This is January.

Ini bulan Januari.

(အိနိ ဘူလန်း ဇန်နဝါရီ)

၃။ ပြီးခဲ့တဲ့လက ဒီဇင်ဘာလပါ။

Last month was December.

Bulan lalu bulan Disember.

(ဘူလန်း လာလူး ဘူလန်း ဒီဇင်ဘာ)

၄။ နောက်လက ဖေဖော်ဝါရီပါ။

Next month is February.

Bulan depan bulan Februari.

(ဘူလန်း ဒါပန်း ဘူလန်း ဖယ်ဘရူးအာရီ)

၅။ လွန်ခဲ့သောသုံးလက။

Three months ago.

Tiga bulan yang lalu.

(တီဂါး ဘူလန်း ယန်း လာလူး)

၆။ ဧပြီလဟာ စတုတ္ထလဖြစ်တယ်။

April is the fourth month.

April adalah bulan keempat.

(ဧပရယ်လ် အဒါးလား ဘူလန်း ကီအမ်ပတ်)

၇။ မေလဟာ ပဉ္စမလဖြစ်တယ်။

May is the fifth month.

Mei adalah bulan kelima.

(မေ ဘဒါးလား ဘူလန်း ကီလီးမား)

## (၂) ရက်စွဲ၊ နေ့စွဲ **The Date**

## **TARIKH (HARI BULAN)** တာရိတ် (ဟာရီ ဘူလန်း)

၁။ မွေးနေ့ရက်စွဲ။

Date of birth.

Tarikh lahir.

(တာရိက် လာဟီး)

၂။ ဒီနေ့ ဘယ်နှရက်လဲ။

What date is today?

Apa tarikh hari ini?

(အပါး တာရိက် ဟာရီ အိနိ)

၃။ မတ်လ တစ်ရက်နေ့။

The first of March.

Satu Mac.

(ဆပ်တူးမတ်ချ်)

၄။ ဒီနေ့ ဘယ်နှရက်လဲ မင်းသိသလား။

Do you know what is the date todays.

Tahukah anda tarikh hari ini.

(တောက်ကား အန်ဒါး တာရိက် ဟာရီ အိနိ)

၅။ ဒီနေ့ဘယ်နှရက်လဲ ငါမသိဘူး။

I don't know what is the date today.

Saya tidak tahu tarikh hari ini.

(ဆာယား သာသောက် တာရိက် ဟာရိ အိနိ)

၆။ မင်း ဘယ်ရက်မှာသွားမှာလဲ။

What date will you leave?

Pada tarikh bilakah anda berangkat?

(ပါဒါ တာရိက် ဘီလားကား အန်ဒါး ဘာအန်ကတ်)

၇။ မင်းဘယ်တော့ရောက်မလဲ။

When did you arrive?

Pada tarikh bilakah anda tiba?

(ပါဒါးတာရိက် ဘီလားကား အန်ဒါးသီဘား)

၈။ မင်းဘယ်တုန်းက မွေးတာလဲ။

When were you born?

Bila anda dilahirkan?

(ဘီလား အန်ဒါး ဒီလာဟီးကန်)

၉။ လ၏အစ။

At the beginning of the month .

Awal bulan.

(အာဝါးလ် ဘူလန်း)

၁၀။ လ၏အဆုံး။

At the end of the month.

Penghujung bulan.

(ပင်ဟူဂျွန်း ဘူလန်း)

၁၁။ ဦးထုပ်မချွတ်ပါနဲ့။

Don't take off your hat.

Jangan tanggalkan topi anda.

(ဂျာငန်း တင်ဂါးလ်ကန် တိုပိ အန်ဒါး)

၁၂။ သူအဝတ်တွေ ချွတ်ပစ်ပြီ။

He took off his clothes.

Dia menanggalkan pakaiannya.

(ဒီယာ မင်နန်ဂါးလ်ကန် ပါကာအင်းညာ)

## (၂၃) ရမည်/ သေချာသည်။ (လုပ်ရန်) ရှိသည်။

**Must, Have to**

**Mesti (မက်စ်တီ)**

၁။ ငါအခုသွားရမယ်။
I must go now.
Saya mesti pergi sekarang.
(ဆာယား မက်စ်တီ ပီဂီ ဆက်ကရင်း)

၂။ ငါပေးစရာအကြွေး ပေးရမယ်။
I must pay my debt.
Saya mesti membayar hutang saya.
(ဆာယား မက်စ်တီ မင်မ်ဘာယား ဟူတန်း ဆာယား)

၃။ မင်း ငါ့ကိုစောင့်ရမယ်။
You have to wait for me.
Anda harus menunggu saya.
(အန်ဒါး ဟာရွတ်စ် မင်နွန်ဂူး ဆာယား)

၄။ ဒီအလုပ် မနက်ဖြန်ပြီးရမယ်။
This work must be finished tomorrow.
Perkarjaan ini mesti diselesaikan esok.

(ပိကာဂျာအန်း အိနို မက်စ်တိ ဒီဆလက်ဆိုင်းကန် အီဆွတ်က်)

၅။ ငါ ရထားလက်မှတ်ဝယ်ရမယ်။

I have to buy a train ticket.

Saya harus membeli tiket keretapi.

(ဆာယား ဟာရွတ်စ် မင်ဘေလီ တစ်ကက် ကရက်တားပိ)

၆။ ငါဒီကြေးနန်းကို ချက်ချင်းပို့ရမယ်။

This telegram must be sent immediately.

Telegram ini mesti dikir imkan segera.

(တယ်လီဂရမ် အိနို မက်စ်တိ ဒီကီရင်းကန်း ဆက်ဂရား)

## (၂၄) ကူညီသည်၊ ထောက်ပံ့သည်
**Tolong (သိုလွန်း)**

၁။ ခဏလောက်ကူညီပါ။
Please help me for a moment.
Tolonglah saya sebentar.
(သိုလွန်းလား ဆာယား ဆဘင်တား)

၂။ ကျေးဇူးပြုပြီး ဟိုတယ်ကို ပို့ပေးပါ။
Please take me to the hotel.
Tolong hantar saya ke hotel.
(သိုလွန်း ဟန်တား ဆာယား ကီ ဟိုတယ်)

၃။ ဒီအခန်းကို တံမြက်လှည်းပါ။
Please sweep this room.
Tolong sapu bilik ini.
(သိုလွန်း ဆာပု ဘီလစ်က် အိနိ)

၄။ ခင်ဗျားရဲ့ ကူညီမှုအတွက် ကျေးဇူးတင်ပါတယ်။
Thank you for your help.
Terima kasih atas pertolongan anda.
(တီးရီးမား ကာဆိ အတပ်စ် ပါသိုလွန်းဂန်း အန်ဒါး)

၅။ သူမဟာ မျှော်လင့်ချက်မရှိပါဘူး။
She is hopless.
Dia tak berguna.
(ဒီယာ သတ် ဘာဂုန)

၆။ သူမကို ကူညီလိုက်ပါ။
Please help her.
Tolonglah dia.
(သိုလွန်းလား ဒီယား)

၇။ ငါ မင်းကို ကူညီချင်စိတ်ရှိပါတယ်။
I am willing to help you.
Saya sedia menolong anda.
(ဆာယား ဆက်ဒီယား မင်နိုလွန်း အန်ဒါး)

၈။ ကျေးဇူးပြုပြီး ဒီအဝတ်သေတ္တာယူသွားပေးပါ။
Please take this suitcase.
Tolong bawa beg pakaian ini.
(သိုလွန်း ကဝါး ဘက်ဂါ ပါကိုင်း အိနိ)

## (၂၅) ကောင်းသော Good = Baik

၁။ သူဟာ လူကောင်းတစ်ယောက်ပါ။

He is a good man.

Dia orang baik.

(ဒီယာ အော်ရန်း ဘိုက်)

၂။ ဒီပန်းသီးက ကောင်းပါသေးတယ်။

This apple is still good.

Epal ini masih elok.

(အက်ပယ်လ် အိနိ မာဆီး အီလော့က်)

၃။ မင်းရဲ့စာနာမှုအတွက် ကျေးဇူးတင်ပါတယ်။

Thank you for your kindness.

Terima kasih atas kebaikan anda.

(တာရီးမား ကာဆီး အတပ်စ် ကဘိုက်ကန်း အန်ဒါး)

၄။ ငါ့ကို အကောင်းဆုံးစားသောက်ဆိုင်ပို့ပေးပါ။

Take me to the best restaurant.

Hantarkan saya ke resoran yang terbaik.

(ဟန်းတားကန်း ဆာယား ကယ် ရက်စ်တောရင် ယန်း တာဘိုက်)

၅။ ဒီလမ်းက ပြုပြင်နေဆဲပဲ။
This road is under repair.
Jalan ini sedang diperbaiki.
(ဂျလန် အိနိ ဆက်ဒန်း ဒီပါဘိုက်ကီး)

၆။ ဒီမှာတော့ ဒီစားသောက်ဆိုင်ဟာ အကောင်းဆုံးပါပဲ။
This is the best restaurant here.
Inilah restoran yang paling baik di sini.
(အိနိလား ရက်စ်တောရင် ယန်း ပါလင်း ဘိုက် ဒီ ဆိနိ)

၇။ ကျေးဇူးပြုပြီး မင်းရဲ့အပြုအမူကို ကောင်းအောင် ပြုပြင်ပါ။
Please improve your behaviour.
Perbaikilah sikap dan tingkah lakumu.
(ပါဘိုက်ကီလား ဆိကပ် ဒင် တင်ကား လာကူးမူး)

၈။ ဆေးလိပ်သောက်ရင် မင်းရဲ့ကျန်းမာရေးထိခိုက်မယ်။
Smoking is not good for your health.
Merokok tidak baik untuk kesihatan anda.
(မိရိုကို့ သာဒ ဘိုက် အွန်တွတ် ကီဆီဟာတ်တန် အန်ဒါး)

## (၂၆) ဝမ်းနည်းသော **Sorry = Maaf**

၁။ မင်းကို အနှောင့်အယှက်ပေးမိတာ ဝမ်းနည်းပါတယ်။
Sorry for disturbing you.
Maaf, saya mengganggu.
(မအပ်ဖ်၊ ဆာယား မင်ဂန်ဂူး)

၂။ ခွင့်ပြုပါ။ ကျွန်တော် အခုသွားရပါမယ်။
Excuse me, I must be going now.
Maaf, saya mesti pergi sekarang.
(မအပ်ဖ်၊ ဆာယား မက်စ်တီး ပီဂီ ဆက်ကရင်း)

၃။ ဝမ်းနည်းပါတယ်၊ ခင်ဗျားဝင်မလာပါနဲ့။
Sorry, you cannot come in.
Maaf, anda tak boleh masuk.
မအပ်ဖ်၊ အန်ဒါး သ ဘိုလေး မာဆွတ်)

၄။ ဝမ်းနည်းပါတယ်၊ လက်မှတ်အားလုံးလို ကုန်ပါပြီ။
Sorry, all the tickets have been sold out.
Maaf, tiket sudah habis terjual.

(မအပ်ဖ်၊ တစ်ကက် ဆူဒါး ဟာဘစ် တာဂွါးလ်)

၅။ သူ မင်းကို ခွင့်မလွှတ်နိုင်ဘူး။

He can't forgive you.

Dia tidak boleh memaafkan anda.

(ဒီယာ သာဒ ဘိုလေး မင်မအပ်ဖ်ကန်း အန်ဒါး)

၆။ မင်း ဟိုလူ့ကို ခွင့်လွှတ်နိုင်သလား။

Can you forgive that man?

Bolehkah anda memaafkan orang itu?

(ဘိုလေးကား အန်ဒါး မင်မအပ်ဖ်ကန်း အော်ရန်း အိတူ)

## (၂၇) သိသည်၊ နားလည်သည် Know

**Kenal / Tahu**

၁။ သူဟာ ငါ့ရဲ့ အသိမိတ်ဆွေမဟုတ်ဘူး။

That man is not my acquaintance.

Orang itu bukan kenalan saya.

(အော်ရန်း အိတူ ဘူလန်း ကီနာလန်း ဆာယား)

၂။ ငါ့ကို သူနဲ့မိတ်ဆက်ပေးပါ။

Please introduce me to him.

Tolonglah perkenalkan saya degan dia.

(သိုလွန်းလား ပါကနယ်လ်ကန်း ဆာယား ဒင်ဂန်း ဒီယာ)

၃။ ဆစ်ဒနီရှယ်လ်ဒန်ဟာ ကျော်ကြားတဲ့ စာရေးဆရာတစ်ယောက်ပါ။

Sideny sheldon is a famous author.

Sidney sheldon ialah seorang pujangga yang terkenal.

(ဆစ်ဒနီရှယ်လ်ဒန် အီရာယား ဆီအော်ရန်း ပူဂျန်း ဂယန်း တာကနယ်လ်)

၄။ မင်း ဒီလူကို သိသလား။

Do you know who is that man?
Tahukah anda siapa orang itu?
(သောက်ကား အန်ဒါး ဆီအပါး အော်ရန်း အိတူ)

၅။ ငါ သူ (သူမ) ကို သိတယ်။
I know him (her).
Saya tahu dia.
(ဆာယား သောက် ဒီယား)

၆။ သူ့နာမည်ကို ငါမသိဘူး။
I don't know what his name is.
Saya tidak tahu siapa namanya.
(ဆာယား သာဒ သောက် ဆီအပါး နာမည)

၇။ တွေ့ရတာ ဝမ်းသာပါတယ်။
I'm happy to meet you.
Saya bergembira berkenalan anda.
(ဆာယား ဘာဂင်ဘီရား ဘာကနဲလ်လန်း ဒင်ဂင်း အန်ဒါး)

၈။ တွေ့ရတာ အရမ်းကို ဝမ်းမြောက်ပါတယ်။
Very pleased to meet you.
Gembira sekali berkenalan dengan anda.
(ဂင်ဘီရား ဆီကာလီး ဘာကနဲလ်လန်း ဒင်ဂင်း အန်ဒါး)

## (၂၈) ယူသည်၊ ယူသွားသည် Take (somebody) to
**Hantar (ဟန်သား)**

**ရယူသည်၊ ရောက်သည်**

**Get something / Take something**

**Ambil (အမ်ဘီးလ်)**

၁။ ကျေးဇူးပြုပြီး "ကဂျမ်း" ကို ပို့ပေးပါ။

Please take me to Kajang.

Hantarkan saya ke Kajang.

(ဟန်သာကန်း ဆာယား ကီ ကဂျမ်း)

၂။ မင်းကို အိမ်ဘယ်သူပို့ပေးမလဲ။

Who will send you home?

Siapa yang akan menghantarkan anda pulang?

(ဆီအပါး ယန်း အကန်း မင်ဂ်ဟန်သာကန်း အန်ဒါး ပူလန်း)

၃။ ရေတစ်ခွက်လောက်ပေးပါ။

Please get me a glass of water.

Tolong ambilkan saya segelas air.

(သိုလွန်း အမ်ဘီလ်ကန်း ဆာယား ဆဂီလပ်စ် အာရီး)

၄။ ဒီစာအုပ် မင်းအတွက် ယူသွားပါ။

Please take this book for you.

Ambillah buku ini untuk-mu.

(အမ်ဘီးလ်လား ဘုကု အိနိ အွန်တွတ်က်မူ)

## (၂၉) လက်ခံသည် Accept
## Terima (တာရီးမား)

၁။ မင်းလာတဲ့အတွက် ကျေးဇူးတင်ပါတယ်။
Thank you for your coming.
Terima kasih atas kedatangan anda.
(တာရီးမား ကာဆီး အတပ်စ် ကီဒါတန်းဂန်း အန်ဒါး)
( Datangan = Arrive = ရောက်လာသည်)

၂။ လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်။
Thank you for the gift.
Terima kasih atas hadiah anda.
(တာရီးမား ကာဆီး အတပ်စ် ဟာဒီယား အန်ဒါး)
(Hadiah = Gift = လက်ဆောင်)

၃။ မင်း ငါ့စာကို ရသလား။
Did you receive (get) my letter?
Adakah anda terima surat saya?
(အဒါးကား အန်ဒါး တာရီးမား ဆူရတ် ဆာယား)

၄။ မင်းရဲ့စာကို ကောင်းမွန်စွာ ရရှိပါတယ်။
Your letter was duly received.

Surat anda telah selamat saya terima.

(ဆူရတ် အန်ဒါး တီလား ဆီလမတ် ဆာယား တာရီးမား)

၅။ ကျေးဇူးတင်ပါတယ်။ (ကျေးဇူးစကားဆိုခြင်း)

Thank you.

Terima kasih.

(တာရီးမား ကာဆီး)

– ကိစ္စမရှိပါဘူး။ (တုံ့ပြန်စကားဆိုခြင်း)

That's all right.

You're welcome.

Don't mention it.

## (၃၀) ကိုယ်ပိုင်နာမ်စား PERSONAL PRONOUNS
## Kata Ganti Orang (ကတ ဂန်တီး အောရန်း)

၁။ ကျွန်ုပ်။ – I
Saya, Aku Beta Hamba.
(ဆာယား အကု – ဘီတား – ဟမ်ဘား)

၂။ သင်။ - You
Anda, Engkau, Kamu.
(အန်ဒါး – အန်ကော ကာမူ)

၃။ သူ။ - He
(Dia (lelaki)
(ဒီယာ – လီးလာကီး)

၄။ သူမ။ - She
Dia (wanita)
(ဒီယာ – ဝါနိတ)

၅။ ထိုဟာ - It
Itu (Barang, Binatang, Tumbuh - tumbuhan)
အစ်တူ (ဘာရန်း – ဘီနာတန်း တွန်ဘူး – တွန်ဘူးဟန်း)

၆။ သင်တို့။ - You

Kamu (Banyak)

ကာမူး (ဘာညာ:)

၇။ သူတို့ - They

Meraka

(မရက်ကာ)

၈။ ကျွန်ုပ်တို့ – We

Kami

(ကာမီး)

## (၃၁) အသက်အရွယ် AGE
## Umur (အူမိုး)

၁။ မင်းအသက် ဘယ်လောက်ရှိပြီလဲ။
How old are you?
(What's your age?)
Berapa umur anda?
(ဘရားပါး အူမိုး အန်ဒါး)

၂။ ကျွန်တော် အသက် နှစ်ဆယ်ရှိပါပြီ။
I'm twenty years old.
(I'm twenty.)
(ဆာယား ဘာရှုမိုး ဒူးဝါး ပူလူး တာဟွန်း)

၃။ မင်းအဖေ အသက်ဘယ်လောက်ရှိပြီလဲ။
How old is your father?
Berapa usia ayah anda?
(ဘရားပါး အူဆီယား အယား အန်ဒါး)

၄။ သူက ငါ့အမေထက် အသက်ပိုကြီးတယ်။
He's older than my mother.

Dia lebih tua daripada ibu saya.
(ဒီယား လဘီး သွား ဒါရီပဒ အိဘူး ဆာယား)

၅။ ငါ့အမေက သူ့ထက် အသက်ငယ်တယ်။
My mother is younger than him.
Ibu saya lebih muda daripadadia.
(အိဘူး ဆာယား လဘီး မူဒါး ဒါရီပဒ ဒီယား)

၆။ ဘယ်သူ အသက်အကြီးဆုံးလဲ။
Who's the oldest?
Siapa yang tertua?
(ဆီအပါး ယန်း သာသွား)

၇။ ငါ့အဖေက အသက်အကြီးဆုံး။
My father is the oldest.
Ayah saya yang tertua.
(အယား ဆာယား ယန်း သာသွား)

၈။ ဘယ်သူအသက်အငယ်ဆုံးလဲ။
Who's the youngest?
Siapa yang termuda?
(ဆီအပါး ယန်း သာမူဒါး)

၉။ ငါ့ညီလေးက အငယ်ဆုံးပါ။
My little brother is the youngest.
Adik saya yang termuda.
(အဒစ် ဆာယား ယန်း သာမူဒါး)

၁၀။ ကျွန်တော် အသက်နှစ်ဆယ်ထဲမှာပဲ ရှိသေးတယ်။
I'm still in my twenties.
Saya baru berusia dua puluban.
(ဆာယား ဘာရူး ဘာရူးဆီယား ဒူးဝါး ပူလူဟန်း)

## (၃၂) နားလည်သည် = Understand
**Mengerti (မင်ငယ်တီး)**

၁။ မင်း ဒတ်ချ်ဘာသာစကား နားလည်သလား။
Do you understand Dutchi.
Mengertikah anda Bahasa Belanda?
(မင်ငယ်တီကား အန်ဒါး ဘဟာဆာ ဘီလန်းဒါး)

၂။ ငါ အင်္ဂလိပ်ဘာသာစကား နားလည်တယ်။
I understand English.
Saya mengerti Bahasa lnggeris.
(ဆာယား မင်ငယ်တီး ဘဟာဆာ အင်းဂရစ်)

၃။ သူ မင်းကို နားမလည်ဘူး။
He does not understand you.
Dia tidak memahami anda.
(ဒီယား သာဒ မင်မဟာမိ အန်ဒါး)

၄။ မင်း ငါ့အပေါ် နားမလည်ဘူး။
You don’t understand me.
Anda tak mengerti saya.

(အန်ဒါး သက် မင်ငယ်တီး ဆာယား)

၅။ ငါအခုထိ ဒါကို နားမလည်သေးဘူး။

I don’t understand it yet.

Saya belum mengerti hal itu.

(ဆာယား ဘလွန်းမ် မင်ငယ်တီး ဟားလ် အစ်တူ)

၆။ ဝမ်းနည်းပါတယ်။ မင်းဘာကိုဆိုလိုတယ်ဆိုတာ ငါနားမလည်ဘူး။

Sorry, I don't understand what you mean.

Maaf saya tidak mengerti apa yang anda maksudkan.

(မအပ်ဖ် ဆာယား သာဒ မင်ငယ်တီး အပါးယန်း အန်ဒါး မတ်ဆွတ်ကန်)

## (၃၃) အတ္တ၊ ကိုယ် – Self
**Diri (ဒိရိ)**

၁။ သူ မတ်တတ်ရပ်နေတယ်။
He is standing.
Dia berdni.
(ဒီယား ဘာဒိရိ)

၂။ သူ့အိမ်မှာ သူတစ်ယောက်တည်းရှိတယ်။
He is alone at home.
Dia sendrian di rumah.
(ဒီယာ ဆင်ဒိရိယန်း ဒီ ရူးမား)

၃။ မတ်တတ်မရပ်ပါနဲ့။
Don't stand up!
Jangan berdiri!
(ဂျာငန်း ဘာဒိရိ)

၄။ သူ့ရဲ့ရှုထောင့်ကို ဘယ်တော့မှ မပြောင်းဘူး။
His standpoint never changes.
Pendiriannya tak pernah berubah.
(ပင်ဒိရိအန်းည တတ် ပါနား ဘယ်ရူဘား)

၅။ ဒီဟာကို သူကိုယ်တိုင် ကျွန်တော့်ကို ပေးခဲ့တယ်။

He himself gave it to me.

Dia sendiri yang memberikan ini pada saya.

(ဒီယာ ဆင်ဒိရိ ယန်း စင်ဘာရိကန်း အိနိ ပါဒါး ဆာယား)

၆။ ဒီစာအုပ်မှာ အခန်းသုံးခုပဲ ရှိတယ်။

This book consists of the three chapter.

Buku ini terdiri daripada tiga bab.

(ဘုကု အိနိ တာဒိရိ ဒါရိပါဒါး တိဂါး ဘပ်)

## (၃၄) မြင်သည်၊ ကြည့်သည် – **See Look at Lihat** (လီဟတ်)

၁။ ဒီမှာကြည့်။

Look here.

Lihat ke sini.

(လီဟတ် ကီ ဆိနိ)

၂။ ထိုအရာကို မင်းမြင်သလား။

Can you see it?

Bolehkah anda melihat hal itu?

(ဘိုလေးကား အန်ဒါးမီလီဟတ် ဟားလ် အစ်တူ)

၃။ ငါဘာမှမမြင်ဘူး။

I can't see anything.

I can see nothing.

Saya tidak boleh melihat apa - apa.

(ဆာယား သာဒ ဘိုလေး မီလီဟတ် အပါး အပါး)

၄။ ငါဒီနေ့ ဂျွန်ကိုမမြင်မိဘူး။

I haven't seen John today.

Saya belum melihat john hari ini.

(ဆာယား ဘလွန်းမ် မီလီဟတ် ဂျွန် ဟာရိ အိနို)

၅။ ကျွန်တော် ကြည့်ရှုပေးရမလား။

May I have a look.

Cuba saya lihat.

(ချူဘား ဆာယား လီဟတ်)

၆။ မင်းအတော်ပျော်နေပုံရတယ်။

You look very happy.

Anda kelihatan sangat gembira.

(အန်ဒါး ကီလီဟတ်တန် ဆာငတ် ဂင်မ်ဘီရား)

၇။ မင်းက နဂိုထက်ငယ်သွားပုံရတယ်။

You look younger than you really are.

Anda kelihatan lebih muda daripada yang sebenarnya.

(အန်ဒါး ကီလီဟတ်တန် လဘီး မူဒါး ဒါရီပဒ ယန်း ဆီဘီနားည)

၈။ ငါ့မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသလား။

Do I look pale?

Adakah saya kelihatan pucat?

(အဒါးကား ဆာယား ကီလီဟတ်တန် ပူချတ်)

၉။ မင်းက ဒီအဝတ်နဲ့ တော်တော်လှတယ်။

You look pretty in that dress.

Anda kelihatan cantik dengan baju itu.

(အန်ဒါး ကီလီဟတ်တန် ကျန်သေ့ ဒင်ဂန်း ဘာ ဂျူး အစ်တူ)

၁၀။ ဒီဟာ မြင်နိုင်သလား။

Is it visible?

Adakah ia boleh dilihat?

(အဒါးကား အီယား ဘိုလေး ဒီလီဟတ်)

၁၁။ ဒီဟာ မမြင်နိုင်ပါဘူး။

It is invisible.

Ia tidak boleh dilihat.

(အီယား သာဒါး ဘိုလေး ဒီလီဟတ်)

## (၃၅) စကားပြောသည် – Word, Say
**Kata (ကာတား)**

၁။ သူဘာပြောတာလဲ။
What did he say?
Apa katanya?
(အပါး ကတည)

၂။ အင်္ဂလိပ်လိုပြောတာပါ။
Say it is English.
Katakan dalan bahasa inggeris.
(ကတကန် ဒါလမ်း ဘဟာဆာ အင်းဂရစ်)

၃။ မင်းဘာပြောတာလဲ။
What did you say?
Apa katamu?
(အပါး ကတမူ)

၄။ မင်းတို့ ဘာအကြောင်းပြောနေတာလဲ။
What are you talking about?
Apa yang kamu katakan?
(အပါးယန်း ကာမူး ကတကန်)

၅။ ငါတို့နိုင်ငံရေး အခြေအနေကို ပြောနေတာပါ။

We are talking about political situation.

Kami berkata-kata ke adaan politik.

(ကာမီ ဘာကတ–ကတ ကီ အာဒါးအန်း ပိုလီတစ်)

၆။ အေးအေးကို ဘာမှမပြောပါနဲ့။

Don't tell anything to Aye Aye.

Jangan katakan apapun kepada Aye Aye.

(ဂျာငန်းကတကန် အပါးပွန်း ကီပဒ အေးအေး)

၇။ ငါနေမကောင်းဘူးလို့ သူ့ကို ပြောလိုက်ပါ။

Please tell him that I am ill.

Katakanlah kepadanya bahawa saya sakit

(က,တကန်လား ကီပဒယ ဘာဟာဝါး ဆာယား ဆာကစ်)

၈။ ငါ့ကို သူတောင်းစားနာမည်မခေါ်နဲ့။

Don't call the beggar names.

Jangan sebut-sebut nama pengemis itu.

(ဂျာငန်းဆီဘွတ် ဆီဘွတ် နာမ ပင်ဂီမစ် အစ်တူ)

၉။ အမှာစာ။

The preface.

Kata pembimbing.

(ကတ ပင်မ်ဘင်မ်ဘင်း)

၁၀။ စကားလုံးအနည်းငယ်။

A few words.

Sepatah kata.

(ဆီပါတား ကတ)

၁၁။ ဘာလုပ်နိုင်သလဲ။

What can be done?

Apa hendak dikatakan?

(အပါး ဟင်ဒက် ဒီက တကန်)

## (၃၆) သဘောတူသည်၊ ကိုက်ညီသည် - Agree
**Setuju (ဆက်တူဂျူး)**

၁။ ငါ မင်းနဲ့သဘောထားကိုက်ညီတယ်။
I agree with you.
Saya bersetuju dengan anda.
(ဆာယား ဘာဆက်တူဂျူး ဒင်ဂင်း အန်ဒါး)

၂။ မင်းရဲ့ကမ်းလှမ်းချက်ကို ငါသဘောမတူဘူး။
I don't agree with your proposal.
Saya tidak bersetuju dengan usul anda.
(ဆာယား သာဒါး ဘာဆက်တူဂျူး ဒင်ဂင်း အူဆူးလ် အန်ဒါး)

၃။ သဘောတူတဲ့လူတွေ မတ်တတ်ရပ်ပါ။
Those who agree, please stand up.
Siapa yang bersetuju sila berdiri.
(ဆီအပါး ယန်း ဘာဆက်တူဂျူး ဆီးလား ဘာဒိရိ)

## (၃၇) မလုပ် / မပြုနှင့် – Don't Jangan (ဂျာငန်း)

၁။ အဝေးကိုမသွားပါနဲ့

Don't go away.

Jangan pergi.

(ဂျာငန်း ပီဂီ)

၂။ ဆူဆူညံညံမလုပ်ပါနဲ့

Don't make noise.

Jangan bising.

(ဂျာငန်း ဘီဆင်း)

၃။ ညဘက် အပြင်မထွက်ပါနဲ့။

Don't go out at night.

Jangan suka keluar malam.

(ဂျာငန်း ဆူခ ကလွား မလန်း)

၄။ အရက်မသောက်ပါနဲ့။

Don't drink alcohol.

Jangan minum minuman keras.

(ဂျာငန်း မီနွန်း မီနွန်းမန်း ကီရတ်စ်)

၅။ စကြံလမ်းပေါ် တံတွေးမထွေးပါနဲ့။

Don't spit on the platform.

Jangan berludah di tangga.

(ဂျာငန်း ဘာလူဒါး ဒီ တန်ဂါး)

၆။ လိမ်ညာမပြောပါနဲ့။

Don't tell lies.

Jangan berbohong.

(ဂျာငန်း ဘာဘိုဟွန်း)

## (၁၈) ဝမ်းသာသော – Happy Senang (ဆယ်နန်း)

၁။ သူဝမ်းသာနေပုံရတယ်။

He seems to be happy.

Dia kelihatan gembira.

(ဒီယား ကလီဟတ်တန် ဂင်ဘီရ)

၂။ ငါ ဒီအခန်းကို ကြိုက်တယ်။

I like this room.

Saya suka bilik ini.

(ဆာယား ဆူခ ဘီလစ် အိနိ)

၃။ သူ အတော်ရေပန်းစားတယ်။ (ပေါ်ပြူလာဖြစ်တယ်)

He is porpular.

Dia seorang yang terkenal.

(ဒီယာ ဆီအောရန်း ယန်း တာကနဲလ်)

၄။ ဒီအခန်းဟာ နေလို့ကောင်းတယ်။

This room is confortable.

Bilik ini snagat selesa.

(ဘီလစ် အိနိ ဆာငတ် ဆီလက်ဆား)

၅။ ငါ ဝက်သားစားရတာ ကြိုက်တယ်။

I am fond of eating pork.

Saya suka makan babi.

(ဆာယား ဆူခ မကန်း ဘာဘိး)

## (၃၉) နားထောင်သည် – **Listen**
**Dengar** (ဒင်ဂါး)

၁။ ငါပြောတာ နားထောင်ပါ။
Listen to me!
Dengarlah kepada saya!
(ဒင်ဂါးလား ကီပဒ ဆာယား)

၂။ သူပြောတာ နားမထောင်နဲ့။
Don't listen to him (her).
Jangan dengarkan dia.
(ဂျာငန်း ဒင်ဂါးကန်း ဒီယား)

၃။ ရေဒီယိုနားထောင်ရအောင်။
Let's listen to the radio.
Mari kita dengar radio.
(မာရေး ကီတား ဒင်ဂါး ရေဒီယို)

၄။ ငါ ရေဒီယိုအမြဲနားထောင်တယ်။
I always listen to the radio.
Saya selalu mendengar radio.
(ဆာယား ဆီလာလူး မင်ဒင်ဂါး ရေဒီယို)

၅။ သောတရှင်များခင်ဗျား။

Hello listeners!

Apa khabar para pendengar!

(အပါး ကဘား ပါရာ ပင်ဒင်ဂါး)

၆။ တစ်စုံတစ်ခုကို ကြားသလား။

Do you hear anything?

Adakah anda mendengar sesuatu?

(အဒါးကား အန်ဒါး မင်ဒင်ဂါး ဆီဆွာသူး)

၇။ ကျွန်တော် ဘာမှမကြားဘူး။

I hear nothing.

(I don't hear anything.)

(ဆာယား သတ် မင်ဒင်ဂါး အပါး -အပါး)

၈။ ကျေးဇူးပြုပြီး သတင်းကြေညာချက်ကို နားထောင်ပါ။

Please listen to the news broadcast.

Dengarlah warta berita itu.

(ဒင်ဂါးလား ဝါတ ဘာရိတာ အီတူ)

## (၄၀) လိုနေသည် – Need
**Perlu (ပီလူး)**

၁။ ငါ ချောင်းဆိုးဆေးသောက်ဖို့ လိုတယ်။
I need cough syrub.
Saya perlukan ubat batuk.
(ဆာယား ပီလူးကန် အူဘတ် ဘာတွတ်)

၂။ ငါ ဆေးရုံသွားရမယ်။
I have to go the hospital.
Saya perlu pergi ke hospital.
(ဆာယား ပီလူး ပီဂီ ကီ ဟော့စ်ပီတယ်)

၃။ ငါ ဒီပြန်လာရမလား။
Do I have to be back here?
Perlukah saya datang kembali ke sini?
(ပီလူးကား ဆာယား ဒါတန်း ကင်ဘာလီး ကီ ဆီနီ)

၄။ ငါ့မှာ ထီးလိုအပ်နေတယ်။
I need an umbrella.
Saya perlu sebuah payung.
(ဆာယား ပီလူး ဆီဘွား ပါယွန်း)

၅။ မင်း မိုးကာအင်္ကျီလိုသေးလား။

Do you need a rain-coat?

Adakah anda perlu baju hujan?

(အဒါးကား အန်ဒါး ပီလူး ဘာဂျူး ဟူဂျန်း)

၆။ ငါ မင်းရဲ့အကူအညီလိုအပ်တယ်။

I need your help.

Saya memerlukan pertolongan anda.

(ဆာယား မင်မာလူးကန်း ပါသိုလွန်းဂန်း အန်ဒါး)

## ၄၁။ လာပါ – Come on Mari (မာရေး)

၁။ ကျေးဇူးပြုပြီး ဒီကိုလာပါ။
Please come here!
Marilah ke mari!
(မာရေးလား ကဲ မာရေး)

၂။ ထိုင်ကြစို့။
Let us sit down.
Marilah duduk.
(မာရေးလား ဒိုးဒုတ်)

၃။ ဘတ်စကားပေါ်တက်ကြစို့။
Let us get on the bus.
Mari kita naik bus.
(မာရေး ကီတား နိုက်ဘတ်စ်)

၄။ ဘတ်စကားပေါ်က ဆင်းကြစို့။
Let us get off the bus.
Mari kita turun dari bas ini.
(မာရေး ကီတား တူရွန်း ဒါရီ ဘတ်စ် အိနိ)

## ၄၂။ ဘယ်လိုသွားမှာလဲ – **How are you going**
**Pergi dengan ˚Apa**(ပယ်ရ်ဂီ ဒင်ဂင်း အပါး)

၁။ နက်ဖြန် ငါတို့ရထားနဲ့သွားမယ်။
Tomorrow we'll leave by train.
Esok kami pergi dengan keretapi.
(အိဆွတ် ကာမီး ပယ်ရီဂီ ဒင်ဂင်း ကရက်တာပိ)

၂။ လူအများကတော့ ဘတ်စကားနဲ့ပဲ ခရီးသွားကြတယ်။
Many people travel by bus.
Ramai orang pergi dengan bas.
(ရာမိုင်း အောရန်း ပယ်ရ်ဂီ ဒင်ဂင်း ဘတ်စ်)

၃။ လေယာဉ်နဲ့ခရီးသွားရတာ အတော်ကို သက်သောင့်သက်သာ ရှိတယ်။
Travelling by plane is quite comfortable.
Pergi dengan kepal terbang sungguh selesa.
(ပိဂီ ဒင်ဂင်း ကပယ်လ် သာဘန်း ဆွန်ဂိုး ဆီလက်ဆား)

၄။ ဂျွန်က မော်တော်ဆိုင်ကယ်နဲ့ သွားလိမ့်မယ်။
John will go by motorcycle.
John akan pergi menaiki motosikal
(ဂျွန် အကန်း ပိဂီ မင်နိုက်ကီး မိုတိုဆီကယ်လ်)

## (၄၃) နိုင်ငံကူးခွင့် လိုက်နာရန်စည်းကမ်းများ

**Passport Formalities**

**Formalitis Paspot (ဖော်မယ်လီတီးစ် ပတ်စ်ပေါ့)**

၁။ ပတ်စ်ပို့စစ်ဆေးခြင်း။

Passport exmination.

Permerikasan paspot.

(ပင်မာရစ်ဆာအန်း ပတ်စ်ပေါ့)

၂။ ပတ်စ်ပို့လေး ခဏလောက်ပြပါ။

Please show me your passport.

Cuba tunjukkan paspot anda.

(ချူဘား တွန်ဂျုတ်ကန် ပတ်စ်ပေါ့ အန်ဒါး)

၃။ ကျွန်တော် အလည်အပတ်ခရီးသွားတာပါ။

I'm travelling as a tourist.

Saya mengembara sebagai pelan cong.

(ဆာယား မင်ဂင်မ်ဘာရား ဆီဘာဂိုင်း ပီလန်ချွန်း)

၄။ ခင်ဗျားရဲ့ ပတ်စ်ပို့သက်တမ်း တိုးရပါမယ်။

You must have your passport extended.

Paspot anda harus dilanjutkan tempohnya.
(ပတ်စ်ပေါ့ အန်ဒါး ဟာရွတ်စ် ဒီလန်ဂျွတ်ကန် တင်ပိုးညာ)

၅။ ဒီပတ်စ်ပို့ တရားဝင်ဆဲပဲလား။
Is this passport still valid?
Adakah paspot ini sah digunakan?
(အာဒါးကား ပတ်စ်ပေါ့ အိနိ ဆား ဒီဂုနကန်)

၆။ ဒီပတ်စ်ပို့က တိုင်းပြည်အားလုံးအတွက် တရားဝင်ပါတယ်။
This passport is valid for all countries.
Paspot ini sah digunakan di semua negara.
(ပတ်စ်ပေါ့ အိနိ ဆား ဒီဂုနကန် ဒီ ဆီမွား နိဂရာ)

## (၄၄) အနာ၊ ရောဂါများ – Diseases
**Penyakit (ပင်ညာကစ်)**

၁။ သူဖျားနေတယ်။

He is ill. (sick)

Dia sakit.

(ဒီယာ ဆာကစ်)

၂။ သူခေါင်းကိုက်နေတယ်။

He has a headache.

Dia sakit kepala.

(ဒီယာ ဆာကစ် ကက်ပလာ)

(သွားကိုက်ဝေဒနာ = toothache = sakit gigi)

၃။ သူ မူးဝေနေတယ်။

He is dizzy.

Dia pening.

(ဒီယာ ပီနင်း)

၄။ သူ မျက်စိမမြင်ပါဘူး။

He is blind.

Dia buta.

(ဒီယာ ဘူတ)

၅။ သူချောင်းဆိုးနေတယ်။

He is coughing.

Dia batuk.

(ဒီယာ ဘာတွတ်)

၆။ သူ ညာခြေကျိုးသွားတယ်။

He broke his right leg.

Kaki kanannya patah.

(ကာကီ ကာနန်းညာ ပါတား)

၇။ သူဖျားနေတာ ဘယ်လောက်ကြာပြီလဲ။

How long has he been ill?

Sudah berapa lama dia sakit?

(ဆူဒါး ဘရားပါး လားမား ဒီယား ဆာကစ်)

၈။ သူဖျားနေတာ သုံးရက်ရှိပါပြီ။

He has been ill for three days.

Sudah tiga hari dia sakit.

(ဆူဒါး တီဂါး ဟာရီ ဒီယာ ဆာကစ်)

၉။ သူ့အဖျားပျောက်သွားပြီ။

His fever is gone.

Demamnya sudah sembuh.

(ဒီမမ်းညာ ဆူဒါး ဆင်ဘိုး)

၁၀။ သူ့နှာခေါင်း သွေးယိုနေတယ်။

His nose is bleeding.

Hidungnya berdarah.

(ဟိဒွန်းညာ ဘာဒါရား)

၁၁။ သူ ဆေးရုံမှာပဲ ရှိနေသေးတယ်။

He is still in the hospital.

Dia masih di rumah sakit.
(ဒီယာ မာဆိီး ဒီ ရူးမား ဆာကစ်)

## (၄၅) အထမ်းသမား – Baggage porters

**BARANG - BARANG PEMBANTU**

၁။ ကျွန်တော် ဘာလုပ်ပေးရပါမည်လဲခင်ဗျား။
What can I do for you, sir?
Apa yang boleh saya tolong encik?
(အပါး ယန်း ဘိုလေး ဆယားသိုလွန်း အန်းချစ်)

၂။ ကျွန်တော် အလုပ်သမား (အထမ်းသမား) လိုချင်ပါတယ်။
I need a porter.
Saya memerlukan seorang porter.
(ဆာယား မင်မ်မာလူကန်း ဆိအော်ရန်း ပေါ်တာ)

၃။ ပေါ်တာ (အလုပ်သမား) ဒီလာခဲ့ပါ။
Porter! Come here!
Porter! Mari sini!
(ပေါ်တာ – မာရေး ဆိနီး)

၄။ မင်း ငါ့ရဲ့ဒီဝန်စည်စလယ်တွေ သယ်ပေးနိုင်မလား။
Can you help me to carry this luggage?
Boleh anda tolong saya bawa barang barang ini?

(ဘိုလေး အန်ဒါး သိုလွန်း ဆာယား ဘာဝါး ဘာရန်း –
ဘာရန်း အိနိ)

၅။ ကောင်းပါပြီခင်ဗျား။
All right, sir.
Vaikah, encik.
(ဘိုက်ကား၊ အန်းချစ်)

၆။ လူကြီးမင်းဟာ ဘယ်ဟာတွေပါလဲ။
Which is yours?
Yang mana encik punya?
(ယန်း မာန အန်းချစ် ပုံည)

၇။ ဒီဝန်စည်စလယ်အားလုံးလား။
All the suitcases?
Adakah beg-beg ini semua?
(အဒါးကား ဘက် – ဘက် အိနိ ဆိမွား)

၈။ ဟုတ်တယ်၊ ဒါအားလုံး ငါ့ပစ္စည်းချည်းပဲ။
Yes, all these are mine.
Ya, itu semua saya punja.
(ယား၊ အိတူ ဆိမွား ဆာယား ပုံည)

၉။ ကြီးတဲ့ဟာလား။
The big one?
Yang besar?
(ယန်း ဘက်ဆား)

၁၀။ မဟုတ်ဘူး၊ အသေးပါ။
No, the small one.
Bukan, yang kecil.
(ဘူကန်း၊ ယန်း ကကျင်းလ်)

၁၁။ ဒီမှာ ပစ္စည်းတစ်ခု မတွေ့ပါလား။

There's one piece missing.
Ada sehelai yang hilang.
(အာဒါး ဆီဟီလိုင်း ယန်း ဟီးလန်း)

၁၂။ စိတ်မပူပါနဲ့ခင်ဗျား။
Don't worry.
Jangan cemas.
(ဂျာငန်း ချီမတ်စ်)

၁၃။ ကျွန်တော် သွားရှာလိုက်ပါမယ်။
I'm going to look for it.
Saya akan mencarinya.
(ဆာယား အကန်း မင်ချာရေးညာ)
(Cari = find = ရှာဖွေသည် )

၁၄။ ဘာများဖြစ်ပါသလဲ ဒေါ်ဒေါ်။
What's the matter with you, Madam?
Ada apa puan?
(အဒါး အပါး ပဝမ်းန်)

၁၅။ နံပါတ် ဘယ်လောက်ပါလဲခင်ဗျား။
What number, please?
Berapa nombornya?
(ဘရားပါး နွံဘာညာ)

၁၆။ ငါ နံပါတ် (၃) ကို ရှာနေတာပါ။
I'm looking for number 3.
Saya mencari nombor tiga.
(ဆာယား မင်ချာရေး နွံဘာ တီဂါး)

၁၇။ ဒီမှာ ခဏလေးစောင့်ပါ။
Just wait here!
Tunggu saja di sini!

(တွန်ဂူး ဆာဂျား ဒီ ဆီးနီး)

၁၈။ မင်းရဲ့ကူညီမှု (စာနာမှု) အတွက် ကျေးဇူးတင်ပါတယ်။

Thank for you for your kindness.

Terima kasih atas kebaikan anda.

(တီရီးမား ကာဆီ အတပ်စ် ကီဘိုက်ကန်း အန်ဒါး)

၁၉။ လူကြီးမင်းနဲ့ ထပ်တူပါပဲခင်ဗျာ။

You are welcome.

Sama - sama.

(ဆမ - ဆမ)

## (၄၆) အငှားယာဉ်မောင်းနှင့်အတူ –With a taxi driver
**DENGAN PEMANDU TEKSI**

၁။ တက္ကစီ၊ တက္ကစီ။
Taxi, taxi.
Teksi, teksi.
(တက်စီ၊ တက်စီ)

၂။ လူငှားရပြီးသားလား။ (အားပါသလား)
Is the taxi engaged?
Adakah teks ini sudah disewa?
(အဒါးကား တက်စီ အိနိ ဆူဒါး ဒီဆဲဝ)

၃။ တက္ကစီတစ်စီး လွှတ်ပေးပါ။
Send me a taxi.
Hantarkan saya teksi.
(ဟန်တားကန်း ဆာယား တက်စီ)

၄။ ကျေးဇူးပြုပြီး "မာလာယု" ဟိုတယ်ကို ပို့ပေးပါ။
Please take me to Hotel Malayu.
Tolong hantarkan saya ke Hotel Malayu.
(သိုလွန်း ဟန်တာကန်း ဆာယား ကီ ဟိုတယ် မာလာယု)

၅။ တက္ကစီခက တစ်နာရီ ဘယ်လောက်ကျသလဲ။

How much is this taxi per hour?
Berapakah sewa teksi ini selama?
(ဘရားပါကား ဆဲဝ တက်စီ အိနိ ဆလားမား)

၆။ ဒါ ခင်ဗျားရဲ့ကားလား။
Is this your car?
Adakah ini kereta anda sendiri?
(အဒါးကား အိနိ ကယ်ရစ်တာ အန်ဒါး ဆင်ဒိရိ)

၇။ မြန်မြန်မမောင်းပါနဲ့။
Don't drive too fast.
Jangan memandu terlalu laju.
(ဂျာငန်း မိမန်ဒူး တာလာလူး လာဂျူး)

၈။ မြန်မြန်မောင်းပါ။
Please drive quickly.
Tolong pandu segera.
(သိုလွန်း ပန်ဒူး ဆက်ဂိရား)

၉။ သတိထား၊ မီးနီနေတယ်။
Be careful, red light.
Awas, lampu merah.
(အဝပ်စ်၊ လမ်ပူ မီရာချ်)

၁၀။ ကျွန်တော် အမြန်လိုပါတယ်။
I am in a hurry.
Saya hendak cepat.
(ဆာယား ဟင်ဒတ် ချက်ပတ်)

၁၁။ ကျွန်တော် လေယာဉ်မမီတော့ဘူး။
I miss the plane.
Saya ketinggalan kapal terbang.
(ဆာယား ကီတင်ဂါးလန်း ကပယ်လ် သာဘန်း)

၁၂။ ဒီမှာမရပ်ပါနဲ့။
Don't stop here.
Jangan berhenti di sini.
(ဂျာငန်း ဘာဟင်းသီး ဒီ ဆီနီး)

၁၃။ ဟိုနားမှာပါခင်ဗျား။
Over there, sir.
Di sebelan sana, encik.
(ဒီ ဆဘလန်း ဆာန အန်းချစ်)

၁၄။ ဘယ်လောက်ကျသလဲ။
How much is it?
Berapa sewanya?
(ဘရားပါး ဆဲဗညာ)

၁၅။ ငါးဒေါ်လာပဲကျပါတယ်ခင်ဗျား။
Just five dollars, sir.
Hanya lima ringgit, encik.
(ဟာည လီမား ရင်းဂစ်၊ အန်းချစ်)

၁၆။ ဒီမှာပိုက်ဆံယူပါ။
Here is the money.
Ini dyitnya.
(အိနိ ဒူးဝစ်ည)

## (၄၇) ဆောင်ရွက်ပေးမှု – Service
## ကျေနပ်စေသည် – Please
## BAHAGIAN SERVIS (PELAYAN)

၁။ ကျွန်တော့်အတွက် နံနက်စာ အပေါ်သို့ ပို့ပေးပါ။
Please send my breakfast up.
Tolong bawakan sarapan saya ke atas.
(သိုလွန်း ဘာဝါးကန်း ဆရာပန်း ဆာယား ကီ အတပ်စ်)

၂။ ကောင်းပါပြီခင်ဗျာ။
All right, sir.
Baiklah, encik.
(ဘိုက်လား၊ အန်းချစ်)

၃။ ဘာလိုပါသေးလဲခင်ဗျာ။
Anything else?
Masih ada lagi?
(မာဆိ အာဒါး လာဂိ)

၄။ ကျေးဇူးပြုပြီး အခန်းစောင့်ကို အခန်းထဲလွှတ်ပေးပါ။
Please ask the roomboy to come up.
Tolong suruh pelayan bilik naik.

(သိုလွန်း ဆူရူး ပိလာယန်း ဘီလစ်က် နိုက်)

၅။ ဘယ်သူလဲဟော့။

Who is it?

Siapa itu?

(ဆီအပါး အိတူ)

၆။ ကျွန်တော်ပါ၊ အခန်းစောင့်ပါ။

It's me, sir. The roomboy.

Saya, encik. Pelayan bilik.

(ဆာယား၊ အန်းချစ်။ ပိလာယန်း ဘီလစ်က်)

၇။ ဝင်ခဲ့ပါ။

Come in, please.

Silakan masuk.

(ဆီလားကန်း မာဆွတ်)

၈။ ဒီမှာ ရေချိုးခန်းရှိသလား။

Is there a bathroom on this floor?

Adakah bilik mandi di tingkat ini?

(အဒါးကား ဘီလစ်က် မန်ဒီ ဒီ တင်ကတ် အိနိ)

၉။ ဟုတ်ကဲ့ခင်ဗျာ၊ ဟိုမှာတစ်ခုပါ။

Yes, sir. There is one.

Ya, ada encik. Ada satu.

(ယား၊ အာဒါး အန်းချစ်။ အာဒါး ဆတ်တူ)

၁၀။ ငါ့ရဲ့မနက်စာကို ငါ့အခန်းထဲမှာ သုံးဆောင်လို့ရမလား။

Can I have breakfast in my room?

Bolehkan saya bersarapan di bilik?

(ဘိုလေးကား ဆာယား ဘာဆာရာပန်း ဒီ ဘီ လစ်က်)

၁၁။ ဟုတ်ကဲ့၊ ရပါတယ်။

Yes, of course.

Ya, tentu saja.
(ယား၊ တင် တူး ဆာဂျား)

## (၄၈) လက်ထပ်ထိမ်းမြားခြင်း – MARRIAGE
## Perkahwinan (ပါကာဝင်းနန်း)

၁။ မောင်ဘလက်ထပ်တာ ဘယ်လောက်ကြာပြီလဲ။
How long has Mg Ba been married?
Sudah berapa lama Mg Ba kahwin?
(ဆူဒါး ဘရားပါး လာမား မောင်ဘ ကာဝင်း)

၂။ သူလက်ထပ်တာ (၁၀)နှစ် ရှိပါပြီ။
He has been married for ten years.
Dia sudah kahwin selama spuluh tahun.
(ဒီယာ ဆူဒါး ကာဝင်း ဆီလာမား ဆပ်ပူးလူး တာဟွန်း)

၃။ သူဘယ်တော့ အိမ်ထောင်ပြုချင်သလဲ။
When does he want to get married?
Bila dia mahu kahwin?
(ဘီလား ဒီယာ မောက် ကာဝင်း)

၄။ သူ နောက်နှစ်မှာ အိမ်ထောင်ပြုချင်တယ်။
He wants to get married next year.
Dia ingin berkahwin tahun depan.
(ဒီယာ အင်ဂင်း ဘာကာဝင်း တာဟွန်း ဒပန်း)

၅။ သူဟာ လူပျိုပါ။
He is a bachelor.
Dia seorang jejaka.
(ဒီယာ ဆိအောရန်း ဂျီဂျားကား)

၆။ ဒေါ်လှဟာ အပျိုကြီးပါ။
Daw Hla is a spinster.
Daw Hla seorang anak dara.
(ဒေါ်လှ ဆိဆောရန်း အနတ်ဒါရား)

၇။ မင်း ငါ့ကို လက်ထပ်မလား။
Will you marry me?
Mahukah kau mengahwiniku?
(မောက်ကား ကော မင်ဂါဝင်းအိကု)

၈။ ငါ မင်းကို လက်ထပ်မယ်။
I am going to marry you.
Saya akan mengahwinimu.
(ဆာယား အကန်း မင်ဂါဝင်းအိမူ)

၉။ လက်ထပ်ခါစ။
Just married.
Baru kahwin.
(ဘာရူး ကာဝင်း)

၁၀။ ထိမ်းမြားမင်္ဂလာအခမ်းအနား။
Wedding ceremony.
Upacara nikah.
(အူပါးချာရား နီကား)

၁၁။ ပျားရည်ဆမ်း။
The honeymoon.
Bulan madu.

(ဘူလန်း မာဒူး)

၁၂။ လက်ထပ်လက်စွပ်။

The wedding ring.

Cincin perkahwinan.

(ချင်ချင်း ပါကာဝင်းနန်း)

## (၄၉) လူ့စိတ်သဘောထား – Human attitude
## SIFAT MANUSIA (ဆီဖတ် မာနူးရှား)

၁။ သူက သဘောထားကြီးတယ်။

He is broad-minded.

Dia berfikiran terbuka.

(ဒီယာ ဘာဖိကီရန်း တာဘူခ)

၂။ သူက သဘောထားသေးတယ်။

He is narrow - minded.

Dia berfikiran sempit.

(ဒီယာ ဘာဖိကီရန်း ဆမ်ပစ်)

၃။ သူက ကျနွေသိက္ခာရှိတယ်။

He is modest.

Dia rendahdiri.

(ဒီယာ ရင်ဒါဒိရိ)

၄။ သူက မေ့လျော့တတ်တယ်။

He is absent - minded.

Dia pelupa.

(ဒီယာ ပိလူးပါး)

၅။ သူက ကလေးဆန်တယ်။

He is childish.

Dia kebudak - budakan.

(ဒီယာ ကီဘူဒတ် – ဘူဒတ်ကန်)

၆။ ငါ သူ့ကို ကောင်းကောင်းသိပါတယ်။

I know him well.

Saya kenal baik dengan dia.

(ဆာယား ကီနဲလ် ဘိုက် ဒင်ဂင်း ဒီယာ)

✠ ✠ ✠


မလေးဘာသာနှင့်ပတ်သက်၍
အခြေခံကျကျဖော်ပြထားပြီး
စကားပြောကျွမ်းကျင်စေရန်
ဦးစားပေးထားသော
မလေးစကားပြောစာအုပ်ဖြစ်ပါသည်